SHWE MANDALAY NEWS JOURNAL
# ရွှေမန္တလေး
သတင်းဂျာနယ်
တနင်္လာနေ့တိုင်းထုတ်ဝေသည်
အတွဲ(၄) အမှတ်(၉)၊ ၂၀၁၆ခုနှစ်၊ နိုဝင်ဘာ(၇)ရက်

## နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်အား ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေးက ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆို

စာ - ၁



မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၏ လွှတ်တော်အတွင်း ပြောကြားမှုမှာ လက်ရှိမြေပြင်အနေအထားနှင့် ကွာခြားချက်များရှိနေပြီး အားရကျေနပ်စရာ မရှိကြောင်း လွှတ်တော်ကိုယ်စားလှယ်တချို့ ပြောကြား

စာ ၃


## တုံ့လှဲ့ဘာဝေ မန္တလေး



ဆွေငှက်

စာ ၄

ဒေါ်ကတော်ခြူးဇော်ဟိန်း + ဒေါ်ကတော်သဉ္ဇာဦး
မြစိမ်းသော်တာ
ကျောင်းဝယ်ရေး
ALPINE | Royal-D | asia | NESCAFÉ | POCARI SWEAT | 100 PLUS | SPEED | VeVe
BLUE MOUNTAIN | M-150 | burn | Red Bull | Coca-Cola | Max+ | SHARK | Sunkist
ရေသန့်နှင့် အချိုရည်မျိုးစုံ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။
ဆိုင် - အမှတ်(၄၊ ၁၃)၊ ဈေးရုံးအောက်ထပ်၊ ဈေးချို၊ မန္တလေး။ ☎ 02-64181, 71922, 22127 , 09-444020007 , 09-5145873.
အိမ် - အမှတ်(၁၀၀)၊ ၈၅လမ်း၊ ၃၃-၃၄လမ်းကြား၊ မန္တလေး။ ☎ 02-22252, 72699, 31430 09-2034087.




ဂျပန်နိုင်ငံမှ လာရောက်ဖွင့်လှစ်၍ပြင်သစ်၊ အီတလီ၊ အမေရိကန်နိုင်ငံတို့မှ
Branded ရေမွှေးများကို တိုက်ရိုက်တင်သွင်းဖြန့်ချိသော

မြန်မာနိုင်ငံ၏ ပထမဆုံး
ရေမွှေးသီးသန့် အရောင်းဆိုင်

Sweety Rose
ရေမွှေးကမ္ဘာ

ပြင်သစ်နိုင်ငံမှ
YUJIN, GEPARLYS Branded
ပစ္စည်းများကို
မြန်မာပြည်တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ်
ရောင်းချပေးပါသည်။

အမှတ် (၁၁) ၃၈လမ်း၊ ၇၈ × ၇၉ လမ်းကြား၊ မန္တလေးမြို့။
၀၉-၈၇၄၃၄၈၄၂၃၊ ၀၉-၂၅၉၀၅၂၄၃၁၊ ၀၉-၉၁၀၁၈၁၂၇



Yummy Rookie
သူရနိုင်
Tattoo... စောင့်နေကြသူများ
DVD KARAOKE + MINI ALBUM
Featuring : မိစန္ဒီ၊ အိုင်ရင်းဇင်မာမြင့်၊ G.Fatt၊ D.Sky၊ ဇင်မင်း (YDNB)

12.11.2016 ရက် ညနေ (5:00)နာရီအချိန်တွင် မနော်ရမ္မကစားကွင်း၌ လက်မှတ်ရေးထိုး သီဆိုဖျော်ဖြေပါမည်။



# အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုရန် တိုင်းရင်းသားဒေသများဖွံ့ဖြိုးတိုးတက်ရေး ဂျပန်နိုင်ငံမှ ဂျပန်ယန်း ငွေဘီလီယံ ၄၀ ကူညီမည်

## အစိုးရ၏ လုပ်ငန်းဆောင်ရွက်မှုများကို အထောက်အကူပြုစေရန် ဂျပန်ယန်းငွေဘီလီယံ ၈၀၀ ပမာဏဖြင့် လုပ်ငန်းအမျိုးမျိုး အကောင်အထည်ဖော်သွားမည်

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေးက ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆို



ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေး၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီး အဖြစ် သွားရောက်ခဲ့သော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဂျပန်နိုင်ငံ ဝန်ကြီးချုပ်က နိုဝင်ဘာ ၂ရက် ညနေပိုင်းတွင် တိုကျိုမြို့ရှိ Akassak State Guest House ၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံအကြား စီးပွားရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ အထူးသဖြင့် မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွက် ဂျပန်နိုင်ငံမှ ပုဂ္ဂလိကလုပ်ငန်းများ ရင်းနှီး မြှုပ်နှံမှုပိုမိုလာရောက်ရေး၊ ကာကွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေးနှင့် နှစ်ဖက်လူငယ်များအကြား အပြန်အလှန်ဖလှယ်ရေးနှင့် မြန်မာနိုင်ငံ၏ အမျိုး သားပြန် လည်စည်းလုံးညီညွတ်ရေး လုပ်ငန်းစဉ် များအပေါ် ဂျပန်နိုင်ငံမှ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များအပါအဝင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ဒေသတွင်း ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ဂျပန်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ အစိုးရ၏ ဦးစားပေးလုပ်ငန်းစဉ်ဖြစ်သည့် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို အထောက်အကူပြုရန် တိုင်းရင်း သားလူမျိုးများ နေထိုင်သည့်ဒေသများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် (၅)နှစ်အတွင်း ဂျပန်ယန်းငွေ ဘီလီယံ ၄၀ကို အကူအညီ ပေးသွားမည်ဖြစ် ကြောင်း သိရသည်။

ဆက်လက်၍ မြန်မာနိုင်ငံ၏ စီးပွားရေး မူဝါဒ နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်မည့် မြို့ပြနှင့်ကျေးလက် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက် ရေးနှင့် တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်မှု အတွက် “ဂျပန်-မြန်မာ ပူးပေါင်းဆောင်ရွက်ရေး” “Japan - Myanmar Cooperation Program” ကို မူတည်၍ ငါးနှစ်အတွင်း ဂျပန်ယန်းငွေ ဘီလီယံ ၈၀၀ပမာဏဖြင့် အစိုးရ၏လုပ်ငန်းဆောင်ရွက်မှု များကို အထောက်အကူပြုစေရန် လုပ်ငန်းအမျိုးမျိုး ကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အစဉ်အဆက် အကူအညီ များ ပေးအပ်ခဲ့သည့်အတွက် အစိုးရနှင့်ဂျပန်ပြည်သူ များအား ကျေးဇူးတင်ရှိကြောင်းနှင့် ဂျပန်နိုင်ငံမှ အကူအညီများကို ငြိမ်းချမ်းရေးရရှိမည့်လုပ်ငန်းစဉ် များတွင် ပွင့်လင်းမြင်သာစွာ အသုံးပြုသွားမည် ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။




ယင်းနောက် နှစ်နိုင်ငံသဘောတူစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို တက်ရောက် သည်။ အခမ်းအနားအပြီးတွင် နှစ်နိုင်ငံပူးတွဲ သတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ညပိုင်း၌ ဂျပန်ဝန်ကြီးချုပ်၏ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။ နိုဝင်ဘာ ၂ရက် နံနက်ပိုင်း တွင် တိုကျိုမြို့ရှိ Rihga Hotel ၌ ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားများ၊ လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး တိုကျိုမြို့ရှိ မြန်မာသံရုံး၌ ဂျပန်နိုင်ငံ ဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသူရိန်သန့်စင်က တည်ခင်း ဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက် ရောက်ခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင် ဆန်းစုကြည်သည် နိုဝင်ဘာလ ၃ရက်နေ့ နံနက်ပိုင်း တွင် ခေတ္တတည်းခိုသည့် The Imperial Hotel ၌ ဂျပန်နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Fumio Kishida နှင့် တွေ့ဆုံသည်။

ထို့နောက် တိုကျိုမြို့မှ ကျိုတိုမြို့သို့ ကျည် ဆန်ရထားဖြင့် သွားရောက်၍ ကျိုတိုတက္ကသိုလ်မှ ချီးမြှင့်သော ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ ချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။ အဆိုပါအခမ်း အနားတွင် ကျိုတိုတက္ကသိုလ်ဥက္ကဋ္ဌ Mr. Juichi Yamagiwa က ဂုဏ်ထူးဆောင်ပါရဂူဘွဲ့နှင့် အဆောင်အယောင်ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး တက္ကသိုလ် ကျောင်းသားကျောင်းသူများ၏ မေးမြန်းမှုများ ကို ပြန်လည်ဖြေကြားသည်။ ဆက်လက်၍ ကျိုတို တက္ကသိုလ်တွင် သုတေသနစာတမ်းပြုစုစဉ်ကနေထိုင် ခဲ့သည့် အခန်းကို သွားရောက်ကြည့်ရှုသည်။ ကျိုတို မြို့ နိုင်ငံတော်ဧည့်ဂေဟာ၌ ကိုဘေးတက္ကသိုလ်မှ Mr.Otsu နှင့် တက္ကသိုလ်ကျောင်းသားများအား တွေ့ဆုံသည်။ ညပိုင်း၌ ကျိုတိုမြို့ ကုန်သည်ကြီး များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းကတည်ခင်း သော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင် ဆန်းစုကြည်သည် နိုဝင်ဘာ ၄ရက် နံနက်ပိုင်းတွင် ကျိုတိုမြို့မှ ကျည်ဆန်ရထားဖြင့် တိုကျိုမြို့သို့ ပြန် လည်ရောက်ရှိသည်။ ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် နံနက် ၁၁နာရီ ၁၅မိနစ်တွင် တိုကျိုမြို့ရှိ ဂျပန်ဘုရင့်နန်းတော်၌ ဂျပန်နိုင်ငံဘုရင် Akihito နှင့် မိဖုရား Michiko တို့အား သွားရောက် တွေ့ဆုံသည်။ မွန်းလွဲပိုင်း၌ ဂျပန်စီးပွားရေးအသင်း (Keidaren) နှင့် ဂျပန်စက်မှုလက်မှုနှင့် ကုန်သည် ကြီးများအသင်း (JCCI) တို့က The Imperial Hotel ၌ တည်ခင်းသော အလုပ်သဘော နေ့လယ် စာစားပွဲသို့ တက်ရောက်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင် ဆန်းစုကြည်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၏ ဖိတ်ကြားချက်အရ နိုဝင်ဘာ ၁ရက် နံနက်ပိုင်းတွင် ချစ်ကြည်ရေးခရီးအဖြစ် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာခဲ့ရာ ဂျပန်နိုင်ငံ တိုကျို မြို့သို့ ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ရောက်ရှိခဲ့ပြီး နိုဝင်ဘာ ၅ရက် ညနေပိုင်းတွင် မြန်မာ နိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုဝင်ဘာ ၁ရက် ဒေသစံတော်ချိန် ညနေ ၅နာရီ ၂၅မိနစ်တွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်အား သွားရောက် တွေ့ဆုံခဲ့သည်။

သမ္မတမစ္စတာရှီကျင့်ဖျင်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် တတိယအကြိမ်တွေ့ဆုံခြင်းဖြစ်ပြီး သမ္မတမစ္စတာရှီကျင့်ဖျင်က နှစ်နိုင်ငံအကြား နက်ရှိုင်းသော ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုကို ဆက်လက်ဆောင်ရွက်ပြီး နှစ်နိုင်ငံပြည်သူလူထု ပိုမိုတိုးတက်ရေးကိုလည်း လိုလားကြောင်း၊ တပ်မတော်နှစ်ရပ်အကြားတွင်လည်း ကောင်းမွန်သည့် ဆက်ဆံရေးရှိပြီး ဆွေးနွေးညှိနှိုင်းမှုများကြောင့် ပူးပေါင်းဆောင်ရွက်မှု အလားအလာကောင်းများ ပိုမိုတိုးတက်ခိုင်မာမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုမှာ များစွာအရေးကြီးပါကြောင်း၊ နယ်စပ်ဒေသ ပူးပေါင်းဆောင်ရွက်မှုတွင်လည်း အုပ်ချုပ်ရေး၊ စီးပွားရေးကဏ္ဍများစွာ ကျယ်ပြန့်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးသာမက ပုံမှန်ကုန်သွယ်မှုများကိုပါ မြှင့်တင်ပေးနိုင်ပါက ပိုမိုအကျိုးရှိမည်ဖြစ်နိုင်ကြောင်း၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် နှစ်ဖက်အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ နှစ်ဖက်တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုများရှိပါကြောင်း၊ တပ်မတော်နှစ်ရပ်အကြား စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအနက် ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ထည့်သွင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ညနေ ၆နာရီ၁၅မိနစ်တွင် ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ Gen.Xu Qiliang နှင့် တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲများသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် တပ်မတော်အရာရှိကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ စစ်သံမှူး ဗိုလ်မှူးချုပ်တင့်စန်းတို့ တက်ရောက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂ရက်နေ့ မွန်းလွဲပိုင်းတွင် ပေကျင်းမြို့မှ ကွမ်းတုံပြည်နယ်သို့ တပ်မတော်အထူးလေယာဉ်ဖြင့် ထွက်ခွာ၍ ကွမ်ကျိုးမြို့၊ တောင်ပိုင်းစစ်နယ်ဝန်းကွပ်ကဲမှုဌာနချုပ်ရှိ Liu Yuan ခန်းမ၌ တောင်ပိုင်းစစ်နယ်ဝန်းကွပ်ကဲမှုဌာနချုပ် နိုင်ငံရေးမှူး General Wei liang နှင့် တွေ့ဆုံ ဆွေးနွေးခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၃ ရက် ညနေ ၃နာရီတွင် ကွမ်ကျိုး Bai Yun လေဆိပ်မှ ပြန်လည်ထွက်ခွာခဲ့ရာ ညနေ ၄ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် Gen.Fang Fenghui ၏ ဖိတ်ကြားချက်အရ အောက်တိုဘာ ၂၈ရက် နံနက်ပိုင်းတွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ခေါင်းဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၉ရက် နံနက်တွင် ကူမင်းမြို့မှ Shan Xi ပြည်နယ် Hang Zhong မြို့သို့သွားရောက်၍ ချင်းရှီဟွမ် ဘုရင့်စစ်သည်တော်ရုပ်တုများအား သွားရောက်လေ့လာသည်။ ညပိုင်းတွင် ပြည်နယ်စစ်ဒေသမှူး Maj.Gen. Gao.Longfu က တည်ခင်းသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။ အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့သည် Bao Ji မြို့ရှိ စကြာမုနိလက်ရိုးတော်ဘုရား(Fa Man Si) သို့ သွားရောက်ဖူးမြော်သည်။ မွန်းလွဲပိုင်း၌ ရှီအန်းမြို့မှ ပေကျင်းမြို့သို့ အထူးလေယာဉ်ဖြင့်ထွက်ခွာခဲ့ပြီး ညပိုင်း၌ မြန်မာသံရုံးတွင် သံရုံး/စစ်သံရုံးမိသားစုများနှင့်တွေ့ဆုံသည်။

အောက်တိုဘာ ၃၁ရက် ညနေ ၃နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် အဖွဲ့ဝင် တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် Gen.Fang Fenghui က တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုခဲ့သည်။

ယင်းနောက် နှစ်နိုင်ငံတပ်မတော်ခေါင်းဆောင်များသည် ရင်းရင်းနှီးနှီး တွေ့ဆုံကြသည်။ တွေ့ဆုံပွဲအပြီးတွင် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

## မောင်တောခရိုင်အတွင်း ကျေးရွာအချို့မှ နေအိမ်အချို့ကို မီးရှို့ထွက်ပြေးပြီး ထင်ယောင်ထင်မှားဖြစ်စေရန် လုပ်ကြံဝါဒဖြန့်လျက်ရှိ

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း အောက်တိုဘာ ၁၉ရက်က အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ ကျဆုံး၊ ဒဏ်ရာရရှိခဲ့ကြသည့်အပြင် လက်နက် ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများ ဆုံးရှုံးခဲ့ရသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး နယ်မြေပိတ်ဆို့ရှင်းလင်းရေးနှင့် လုံခြုံရေးဆောင်ရွက်စဉ် တပ်မတော်သားငါးဦး ကျဆုံးခဲ့ကာ အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်သည့် မသင်္ကာသူများကို ဖမ်းဆီးရမိခဲ့ကာ လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးလျက်ရှိသည်။

ထိုသို့ နယ်မြေလုံခြုံရေးဆောင်ရွက်နေမှုများအပေါ် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများနှင့် ပါဝင်ပတ်သက်သူများ၊ မလိုလားသူများက ကျေးရွာအချို့မှ နေအိမ်အချို့ကို မီးရှို့ထွက်ပြေးပြီး ရွာသူရွာသားများ နေရပ်စွန့်ခွာထွက်ပြေးစေရန်၊ လုံခြုံရေးဆောင်ရွက်သူများအပေါ် ထင်ယောင်ထင်မှားဖြစ်စေရန်နှင့် အခြေအနေရှုပ်ထွေးပြီး မတည်မငြိမ်ဖြစ်စေရန် လုပ်ကြံဝါဒဖြန့်မှုများ ပြုလုပ်လျက်ရှိကြသည်။

ကျီးကန်းပြင်၊ ဝက်ဘိတ်၊ စံပယ်ကုန်း၊ ပြောင်းပိုက်၊ ငါးစာကြူးနှင့် ငါးခူးရကျေးရွာတို့ရှိ အစွန်ပိုင်းနှင့် လမ်းနံဘေးမှ နေအိမ်အချို့မီးလောင်မှုများ ဖြစ်ပွားခဲ့ရာ ၄င်းနေအိမ်အများစုမှာ အိမ်နှင့်တဲငယ်များဖြစ်ပြီး အတွင်း၌ အသုံးအဆောင်ပစ္စည်းများ ကြိုတင်ရွှေ့ပြောင်းထားသည်ကို တွေ့ရှိခဲ့ရသည်။ အိမ်ကြီးအိမ်ကောင်းများအပါအဝင် ခိုင်ခံ့သည့် အိမ်ကြီးများနှင့်အနီး ဝန်းကျင်နေအိမ်များကိုမူ မီးရှို့မှုမရှိကြောင်း နှိုင်းယှဉ်တွေ့ရှိရသည်။ မီးရှို့ခံရသည့် နေအိမ်များကို တပ်မတော်သားများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့သော်လည်း အဆိုပါကျေးရွာရှိ အစ္စလာမ်ဘာသာဝင်များမှာ ဝိုင်းဝန်းငြိမ်းသတ်ခြင်းမရှိဘဲ မလှမ်းမကမ်းမှသာ ရပ်ကြည့်နေခဲ့ကြသည်။

နိုဝင်ဘာ ၂ရက်တွင် မောင်တောခရိုင်အတွင်း ဖြစ်စဉ်များဖြစ်ပွားခဲ့သည့် ကျေးရွာများသို့ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် သံတမန်များကို တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသစဉ် နေအိမ်စွန့်ခွာတိမ်းရှောင်နေသူများမှာ ပြန်လည်စုရုံးရောက်ရှိလာကြပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လိုအပ်လျက်ရှိကြောင်း လုပ်ကြံ ပြောဆိုခြင်း၊ ကြိုတင်ရေးသားထားသော စာများ လက်ကမ်းပေးအပ်ခြင်းတို့ကို အစီအမံရှိစွာဖြင့် လုပ်ဆောင်ခဲ့ကြောင်း တွေ့ရသည်။

ထို့ပြင် ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများ မဖြစ်ပွားမီ၊ ဖြစ်ပွားချိန်နှင့် ဖြစ်ပွားပြီးနောက်ပိုင်း လုပ်ဆောင်ချက်များမှာ ဘက်ပေါင်းစုံမှ ကြိုတင်အကွက်ချ စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စရပ်များကို တာဝန်ရှိသူများက တာဝန်သိပြည်သူများနှင့်ပူးပေါင်းပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(owi;p0)



## မောင်တောမြို့နယ် နူရုလာရဲကင်းစခန်းအား လာရောက်ပစ်ခတ်

မောင်တောမြို့မှ သုံးမိုင်ခန့်အကွာရှိ နူရုလာရဲကင်းစခန်းကို နိုဝင်ဘာ ၃ရက် ညနေ ၅နာရီ မိနစ် ၅၀ခန့်က လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရဲကင်းစခန်းရှေ့ ကင်းသမားနှစ်ဦး ကင်းစောင့်နေသည့် နေရာအနီးသို့ ဆိုင်ကယ်သုံးစီးဖြင့် လူများရောက်ရှိလာပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ လက်နက်ငယ်ပစ်ခတ်သံကြောင့် ကင်းစခန်းအတွင်းရှိ တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်သဖြင့် လာရောက်ပစ်ခတ်သူများမှာ ဆိုင်ကယ်များ ထားရစ်ပြီး ဒဏ်ရာများရရှိကာ ဆုတ်ခွာထွက်ပြေးသွားကြောင်း၊ အဆိုပါပစ်ခတ်ခံရမှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးကျဆုံးပြီး ကျန်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိ(မစိုးရိမ်ရ)ခဲ့ကြောင်း သိရသည်။

လာရောက်ပစ်ခတ်သူများ ကျန်ရစ်ခဲ့သည့် ဆိုင်ကယ်များနှင့်အတူ ဓာတ်ဆီထည့်ထားသည့် လက်လုပ်ဗုံးတစ်လုံးနှင့် ပစ္စတိုအိတ်အလွတ် လေးခုတို့ကိုလည်း သိမ်းဆည်းရမိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဖားကန့်မြို့ရှိ ရတနာရောင်ခြည် ကျောက်စိမ်းတူးဖော်ရေး ကုမ္ပဏီမှ ဂိုထောင်များနှင့် မော်တော်ယာဉ်များအား KIA လက်နက်ကိုင်အဖွဲ့က မီးရှို့ဖျက်ဆီး

ကချင်ပြည်နယ်၊ဖားကန့်မြို့နယ်၊ မရှိကထောင်အုပ်စု ထုံးဘိုရပ်ကွက်ရှိ ရတနာရောင်ခြည် ကျောက်စိမ်းတူးဖော်ရေး ကုမ္ပဏီရုံးဝင်းရှေ့သို့ နိုဝင်ဘာ ၂ရက် ညနေ ၆နာရီ၁၅မိနစ်ခန့်တွင် လက်နက်ငယ်ကိုယ်စီကိုင်ဆောင်၍ အရပ်ဝတ်များဝတ်ဆင်ထားသော KIA လက်နက်ကိုင်အဖွဲ့မှ အင်အား ၂၀ဦးခန့်က ကုမ္ပဏီဂိတ်စောင့်ဝန်ထမ်းဖြစ်သူ ဦးသိန်းအောင်အား ပစ္စတိုဖြင့်ချိန်ရွယ်ကာ ကုမ္ပဏီရုံးခန်းသို့ ပို့ဆောင်ရန် ခိုင်းစေခဲ့သည်။

ထို့နောက် ရုံးခန်းရှိ ဝန်ထမ်းများအား ရုံးခန်းရှေ့ မြေကွက်လပ်၌ မှောက်ခိုင်း၍ ရုံးခန်းမှန်တံခါးနှင့် မျက်နှာကြက်များအား ရိုက်ခွဲဖျက်ဆီးကာ ဂိုထောင်၊ ဝန်ထမ်းဆောင်တစ်လုံးနှင့် ရုံးဝင်းအတွင်း ရပ်ထားသည့် ဗွီဂိုအမျိုးအစားမော်တော်ယာဉ်သုံးစီးတို့အား အသင့်ယူဆောင်လာသည့် ဓာတ်ဆီပုံး လေးပုံးဖြင့် ပက်ဖျန်း၍ ဒေသန္တရလက်လုပ်မိုင်းများဖြင့် ပစ်ပေါက်မီးရှို့ဖျက်ဆီးခဲ့ပြီး ကုမ္ပဏီမှ ယာဉ်မောင်းဦးစိုင်းစံသိန်းအား ရိုက်နှက်၍ ည ၇ နာရီ၁၀မိနစ်တွင် ဆိုင်းတောင်ရွာဟောင်းဘက်သို့ ပြန်လည် ထွက်ခွာသွားသည်။

အဆိုပါမီးလောင်ရာနေရာသို့ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မီးသတ်ယာဉ် ၁၀စီး၊ ရေသယ်ယာဉ် ၁၂စီးတို့ဖြင့် သွားရောက်မီးငြှိမ်းသတ်ရာ ည ၁၀ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့သည်။ တပ်မတော်စစ်ကြောင်းက မပေါက်ကွဲသေးသော ဒေသန္တရလက်လုပ်မိုင်း ကိုးလုံးအား သိမ်းဆည်းရမိခဲ့သည်။

KIA လက်နက်ကိုင်အဖွဲ့၏ မီးရှို့ဖျက်ဆီးမှုကြောင့် ယန္တရားအပိုပစ္စည်းထားသည့် သွပ်မိုးပျဉ်ကာ ဂိုထောင်တစ်လုံး၊ အလုပ်သမားကြီးကြပ်ဆောင် တစ်လုံး၊ မော်တော်ယာဉ် လေးစီး၊ တာယာမျိုးစုံ ၂၀၀လုံးတို့ ပျက်စီးခဲ့ကြောင်း၊ အဆိုပါနေရာတစ်ဝိုက်အား တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်း ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ရတနာပုံသတင်းစာ ဖော်ပြချက်အရ သိရသည်။

Shwe Mandalay CARTOON

raq



## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၏ လွှတ်တော်အတွင်း ဖြေကြားမှုမှာ လက်ရှိမြေပြင်အနေအထားနှင့် ကွာခြားချက်များရှိနေပြီး အားရကျေနပ်စရာမရှိကြောင်း လွှတ်တော်ကိုယ်စားလှယ်တချို့ ပြောကြား



မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများအနေဖြင့် လွှတ်တော်အတွင်း ပြည်သူများကို ကိုယ်စားပြုသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများ၊ အဆိုများတင်သွင်းမေးမြန်းမှုအပေါ် ဝန်ကြီးများမှ ပြန်လည်ဖြေကြားရာတွင် လက်ရှိမြေပြင်အခြေအနေနှင့် ကွာခြားချက်များရှိနေကြောင်း၊ ရုံးဌာနများမှ တာဝန်ရှိအကြီးအကဲများ၏ ရေးသားချက်များကို ပြန်ဖတ်ပြသကဲ့သို့ဖြစ်နေကြောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဝေဖန်သုံးသပ်ပြောကြားသည်။

"ပြီးခဲ့တဲ့ တိုင်းဒေသကြီးရဲ့ ဒုတိယအကြိမ် တတိယပုံမှန်အစည်းအဝေးမှာ လွှတ်တော် ကိုယ်စားလှယ်တွေရဲ့မေးခွန်းတွေကို ဝန်ကြီးတွေ ပြန်ဖြေကြားရာမှာ အားရစရာမရှိပါဘူး။ လက်ရှိမြေပြင်အခြေအနေနဲ့ ကွဲလွဲနေတာတွေ ရှိနေတယ်။ သေသေချာချာ ကွင်းဆင်းမကြည့်ဘဲနဲ့ စာထဲမှာပါတာကိုဖတ်ပြီး ဖြေကြားသွားတာပဲ ရှိတယ်။ ကိုယ့် အဖွဲ့အချင်းချင်း ညှိနှိုင်းဖြေရှင်းလို့ရပေမယ့် တရားဝင် လွှတ်တော်ထဲမှာ ဖြေကြားတဲ့အခါမှာတော့ မြေပြင်အခြေအနေအတိုင်း တိတိကျကျဖြစ်စေ ချင်ပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ပြောသည်။

ပြီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး ဒုတိယအကြိမ် တတိယပုံမှန်အစည်းအဝေးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက မန္တလေးမြို့ရှိ ၇၃လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြားရှိ အများပိုင်မြေနေရာနှင့် အဆောက်အအုံကို အမည်ဖောက်ထားမှုအား ပြန်သိမ်းပေးရန်၊ ဆည်တော်ကြီးအနီး ဧရိယာအတွင်းတရားမဝင် သစ်ခိုးထုတ်နေမှုများကို တားဆီးနှိမ်နင်းပေးရန်၊ ပြင်ဦးလွင်မြို့နယ်အတွင်း စီမံကိန်းချထားပေးပြီး အကောင်အထည်မဖော်ထားသော မြေနေရာများ ပြန်လည်သိမ်းယူခြင်း ရှိ/မရှိကိစ္စရပ်များကို တင်ပြဆွေးနွေးရာတွင် အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၏ဖြေကြားမှုမှာ အားရကျေနပ် စရာမရှိခဲ့ပေ။

"ဟုတ်တယ်ဗျ။ အားရစရာ၊ ကျေနပ်စရာ၊ သိပ်မရှိလှပါဘူး။ ကျွန်တော်ဆို ယကက(ယခင်မထသ)ကို ဖျက်သိမ်းဖို့ကိစ္စကို တင်ပြဆွေးနွေးရာမှာ ဝန်ကြီးက ဌာနကရေးပေးတဲ့အတိုင်း ဖတ်နေတယ်။ ပြောရရင် ပါရာဖတ်သလို ဖြစ်နေတယ်။ အားရစရာမရှိပါဘူး"ဟု ချမ်းမြသာစည်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်ဦးတင်အောင်က ပြောသည်။

တိုင်းဒေသကြီး၏ ဒုတိယအကြိမ် တတိယပုံမှန်အစည်း အဝေးများအပြီးတွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက နယ်မြေအလိုက်ကွင်းဆင်းကာ လူထုနှင့် ထိတွေ့ဆက်ဆံပြောဆိုမှုများကို ပြုလုပ်နေကြောင်း သိရသည်။

"အစိုးရအနေနဲ့ကလည်း သက်တမ်းက လပိုင်းပဲရှိသေးတယ်။ လုပ်တော့လုပ်နေတယ်။ ရှေ့မရောက်သေးဘူး။ ဒီလိုပဲ ကျွန်တော်တို့ကလည်း ကိုယ့်ကို မဲပေးရွေးချယ်တင်မြှောက်ခဲ့တဲ့ ပြည်သူတွေအတွက် တာဝန်ကျေချင်တယ်။ ပြည်သူ့အသံကို နားထောင်ပြီး ပြန်တင်ပြတယ်။ ဆွေးနွေးတယ်။ ဒါပေမဲ့ထွက်လာတဲ့ အဖြေတွေ၊ ဖြေကြားမှုတွေကတော့ အားရစရာ မရှိသေးပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ကတော့ ပြည်သူအတွက် အကျိုးပြုလုပ်ငန်းတွေကို အမြဲလုပ်ဆောင်နေမှာပါ"ဟု တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြောသည်။

ယခုလက်ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများမှာ ယခင်အစိုးရအဖွဲ့ဝင် ဝန်ကြီးများကဲ့သို့ လွှတ်တော်ထဲတွင် ဌာနအကြီးအကဲများက ရေးပေးလိုက်သည့် စာသားအတိုင်းဖတ်ရှုဖြေကြားနေကြောင်း၊ ပြည်သူလူထုထဲသို့ တိုက်ရိုက်သွား၍ လက်ရှိဖြစ်ပေါ်နေသော အခက်အခဲများကို ထိတွေ့မေးမြန်းဆွေးနွေးရန် လိုနေသေးကြောင်း လွှတ်တော်အတွင်း သတင်းရယူသည့် သတင်းမီဒီယာတစ်ဦးက ပြောသည်။

တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးကလည်း ပြည်သူ့မျက်နှာမူသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများ၊ အဆိုများကို အစိုးရအဖွဲ့မှ ပြန်လည်ဖြေကြားမှုမှာ အားရစရာမရှိကြောင်း ပြောကြားထားသည်။

xe;0i;

# အမေအို ပင်ပန်းနေလောက်ပြီ

သော်နေဇော် (ဥပဒေ)

## အကြမ်းဖက်နှင့် လက်နက်ကိုင်အရေး

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး Ms. Renata နှင့် အမေရိကန်၊ အီးယူ၊ အိန္ဒိယ၊ အီဂျစ်၊ အင်ဒိုနီးရှား၊ တရုတ်၊ တူရကီနိုင်ငံတို့မှ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများသည် ရခိုင်ပြည်နယ်ရှိ အကြမ်းဖက်မှုများဖြစ်ပွားခဲ့ရာဒေသများသို့ သွားရောက်လေ့လာခဲ့ကြပြီး လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသော တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်များက ဘင်္ဂါလီအမျိုးသမီးများကို မုဒိမ်းကျင့်သည်ဟု စွပ်စွဲပြောဆိုမှုမတွေ့ခဲ့၍

ကြောင်း ပြောကြားခဲ့သည်မှာ ဝမ်းမြောက် ဖွယ်သတင်းဖြစ်သည်။

အကြမ်းဖက်သမားများသည် နိုင်ငံတကာတွင်ဖြစ်စေ၊ မြန်မာနိုင်ငံတွင်ဖြစ်စေ ရက်စက်ခြင်း၊ ယုတ်မာခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်းတို့ဖြင့် အကြမ်းဖက်မှုကို ကျူးလွန်လေ့ရှိသည်ကို မြန်မာတို့ အနေဖြင့် နိုင်ငံတကာကို မျက်ဝါးထင်ထင်တွေ့မြင်အောင် ပြသနိုင်ခဲ့ပြီဟု ဆိုရပေမည်။ အကြမ်းဖက်သမားတို့သည် အကြမ်းဖက်မှုကို ရက်စက်စွာကျူးလွန်ပြီး ၎င်းတို့၏ကျူးလွန်မှုကို နှိမ်နင်းခြင်းခံရသည့် အချိန်တွင် ကလေးသူငယ်များနှင့်အမျိုးသမီးများကို အသုံးပြုကာကွယ်လေ့ရှိသည်။ ထိုမျှမက ဆက်သွယ်ရေးကွန်ရက်များ သတင်းဌာနများကိုအသုံးချပြီး ယုတ်မာစွာဝါဒဖြန့်ချိမှုများကိုလည်း မရှက်မကြောက် ပြုလုပ်တတ်ကြသေးသည်။ ယခုကဲ့သို့ နိုင်ငံတကာ အဖွဲ့အစည်းမှ ကိုယ်စားလှယ်များ လာရောက်လေ့လာစုံစမ်းရသည်ကလည်း ထိုသို့မဟုတ်မမှန် ဝါဒဖြန့်ချိမှုများကြောင့် ဖြစ်သည်။ လုံခြုံရေးအနေအထားအရ သတင်းရယူမှုကို ကန့်သတ်ထားရခြင်းကို အခွင့်ကောင်းယူကာ မဟုတ်မမှန် သတင်းဖြန့်ချိမှုတို့ ရက်ပိုင်းအတွင်း တွင်ကျယ်စွာ ပြုလုပ်ခဲ့ကြသည်။ သို့ရာတွင် ရှင်းလင်းသွားလေပြီ။ ဝါဒဖြန့်ချိမှုကို ပွင့်လင်းမြင်သာလွတ်လပ်စွာ စုံစမ်းစေခြင်းဖြင့် ဖော်ထုတ်နိုင်ခဲ့ပြီ။ အကြမ်းဖက်မှုကို အမြစ်ပြတ်ချေမှုန်းရန်သာ ကျန်တော့သည်။ အမေအိုကြီးလက်ထက် ကောင်းမွန်သော နိုင်ငံရေးစနစ်တစ်ခုဖော်ဆောင်ရန် ကြိုးပမ်းအားထုတ်ချိန်ဝယ်ယုတ်မာသော ခြိမ်းခြောက်မှုတစ်ခုသာဖြစ်သည်။ နိုင်ငံကို ကျူးကျော်ရန် အားထုတ်သကဲ့သို့ နိုင်ငံသားတို့၏ အသရေကိုလည်းဖျက်ဖို့ ကြိုးပမ်းကြမှုကို ကောင်းမွန်စွာ ဖြေရှင်းနိုင်ခဲ့ပေသည်။

ထိုအကြမ်းဖက်မှုသည် ယခုကဲ့သို့ထိန်းချုပ်နိုင်ပြီး အမြစ်ပြတ်ရန်သာကျန်တော့သည့်အချိန်တွင် မိုင်းလားဒေသရှိ “ဝ” အရေးက အမေအိုအတွက် ခေါင်းကိုက်ရပေဦးမည်။ အမေအိုလက်ထက်တွင် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးကို မျှော်မှန်းပြီး ၂၁ ရာစုပင်လုံညီလာခံကြီးကို အခက်အခဲပေါင်းများစွာအောက်က ကျင်းပခဲ့ပြီးဖြစ်သည်။ နောက်ဆက်တွဲ ဆောင်ရွက်မှုတွေကိုလည်း အဆက်မပြတ်လုပ်ကိုင်နေခဲ့သည်။ ခြောက်လအကြာတွင် ပြန်လည်ဆွေးနွေးကြရန်လည်း ရည်မှန်းလုပ်ကိုင်နေကြပေသည်။ ထိုသို့သော အနေအထားတွင်မှ “ဝ” တို့၏ စစ်ရေးလေ့ကျင့်မှု၊ စစ်ရေးပြင်ဆင်မှုတို့သည် တိုင်းရင်းသားတို့၏ အခွင့်အရေးကို တောင်းခံခြင်းပုံသဏ္ဌာန်ထက် စစ်ရေးအန်တုမှု ပြုနေသည့်ပုံသဏ္ဌာန်ရှိနေသည်။

နိုင်ငံရေးအရ တောင်းဆိုမှုသည် စစ်ရေးဖြင့် ဖြေရှင်းမရနိုင်ကြောင်း လွတ်လပ်ရေးလွန်ကာလမှ ယနေ့အထိ ဖြစ်ပွားနေသော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများက သက်သေခံနေသည်။ ထိုသည်ကို သိနေသော နိုင်ငံ့ခေါင်းဆောင် အမေအိုကြီးက မပစ်မခတ်ဘဲ ထာဝရလက်တွဲနိုင်မည့် ပြည်ထောင်စုအစီအမံများကို နေ့မအား ညမနား ကြိုးစားအားထုတ်နေခဲ့သည်။ ထိုသည်ကို မကူညီ၊ မတူညီသည့် လိုလားချက်များကို လက်နက်ကိုင်အင်အားပြ တောင်းဆိုနေကြခြင်းကား မကူညီရုံမျှမက နှောင့်ယှက်သည့် အဆင့်သို့ပင် ချဉ်းကပ်သယောင်ဖြစ်နေသည်။ မကြာမီဘာဖြစ်မည်ကို ပြည်သူများကတော့ စိုးတထိတ်ထိတ် စောင့်စားနေကြရသည်။

## ဝန်ထမ်းကောင်းနှင့် နိုင်ငံကောင်း

ထိုသို့ အကြမ်းဖက်မှုအန္တရာယ်၊ လက်နက်ကိုင် ပဋိပက္ခ အရိပ်အယောင်တို့အောက် ခေါင်းခြောက်အောင် အလုပ်လုပ်နေရဆဲတွင် နိုင်ငံ့ဝန်ထမ်းများ၏ မပြောင်းလဲနိုင်သော အဂတိတရားတို့ကား ဟိုနားတစ်စ ဒီနားတစ်မျိုး သွေးတိုးစမ်းနေကြပြန်သည်။ ကောင်းမွန်သော နိုင်ငံတစ်နိုင်ငံဖြစ်ထွန်းရေးတွင် ကောင်းမွန်သော အစိုးရတစ်ရပ်ရှိရေးကလည်း အရေးပါလှသည်။ ကောင်းမွန်သော အစိုးရတစ်ရပ်ရှိရေးဆိုရာတွင်လည်း ကောင်းမွန်သော နိုင်ငံ့ဝန်ထမ်းများရှိရေးကလည်း အရေးကြီးလှသည်။ လက်ရှိအစိုးရတက်လာပြီး နောက်ပိုင်းနိုင်ငံ့ဝန်ထမ်းရေးရာများတွင် အဓိကအားဖြင့် လာဘ်ပေးလာဘ်ယူမှုကို မကျူးလွန်ရန်သာ အဓိကထားကိုင်တွယ်နေသည်ကို တွေ့ရသည်။ ထိုသည်မှာလည်း ယခုအချိန်မျှလောက်နှင့် မအောင်မြင်သေး။ လာဘ်ပေးလာဘ်ယူမှု ပပျောက်စေရန် ဆိုသည်မှာလည်း မည်သည့် အစိုးရတက်လာသည်ဖြစ်စေ ကင်းပအောင် ဆောင်ရွက်နိုင်ရန် ခက်ခဲလှသည်။ လာဘ်ပေးလာဘ်ယူမှုအတွက် ပြစ်ဒဏ်ကြီးများ သတ်မှတ်ထားသော တရုတ်ပြည်တွင်ပင် ယခုအချိန်အထိ အရေးယူရမှုများရှိနေခြင်းက လာဘ်ပေးလာဘ်ယူ ရှိနေသေးကြောင်း ထင်ရှားနေသည်။

ဝန်ထမ်းရေးရာကိစ္စတွင် စဉ်းစားရန်မှာ လာဘ်ပေးလာဘ်ယူကိစ္စသက်သက်မဟုတ်ဘဲ လာဘ်မရသည့်အတွက် ထမ်းဆောင်ရန် တာဝန်ပျက်ကွက်ခြင်းများကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။ ကျွန်တော်တို့ အောက်ခြေပိုင်းတွင် ဝန်ထမ်းများနှင့်ဆက်ဆံရေးတွင် ငွေကြေးချမ်းသာသူများနှင့် ငွေကြေးမတတ်နိုင်သူများကြားတွင် များစွာ ကွာဟမှု ကြီးမားတတ်သည်။ ငွေကြေးချမ်းသာသူများက ငွေနှင့်ခင်း၍ လုပ်သမျှ အဆင်ပြေချောမွေ့သလောက် ငွေကြေးမတတ်နိုင်သူများအတွက် များစွာသော အခက်အခဲများတွေ့ရတတ်သည်။

လွန်ခဲ့သည့် ရက်ပိုင်းက တပည့်တစ်ဦး ဌာနတစ်ခုသို့သွားသည်။ အဆိုပါ ဌာနသည် ယခင်ကဲ့သို့ မဟုတ် CCTVများတပ်ဆင်ထားပြီး ယခင်ကဲ့သို့ လာဘ်ငွေပေးခြင်းကို လုံးဝပြုလုပ်၍မရတော့။ ထိုအခါ ယခင်နှစ်များက လုပ်ဆောင်ခဲ့သည့် စာရွက်စာတမ်းများဖြင့် ယခင်နည်းများအတိုင်း လုပ်ဆောင်ရာ လုံးဝ အဆင်ပြေမှုမရှိတော့။ ထိုအခါ ယခင်နှစ်ကလည်း ဤစာရွက်စာတမ်းများဖြင့် လုပ်ခဲ့သည်ကို ဤဌာနက ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းပြောရာ ၎င်းတို့ ပြန်ပြောသည်က ထိုစဉ်က အဆင်ပြေရန်ကူညီခဲ့ခြင်းသာဖြစ်သည်ဟုဆို၏။ ယခင်နှစ်ကူညီခဲ့သည်ကို ထိုင်ရှိုးရမလိုဖြစ်သွားသည်။ ထိုတပည့်က ပြန်ပြောသည်မှာ ယခင်ကဲ့သို့ ငွေပေး၍သာ လုပ်လိုက်ချင်တော့သည် ဟူ၏။

ထိုအခါ စဉ်းစားရန်မှာ နိုင်ငံ့ဝန်ထမ်းများကောင်းမွန်ရေးအတွက် လာဘ်ပေးလာဘ်ယူမှု မပြုရန်နှင့် တပြိုင်တည်း လာဘ်ငွေမရမှုအပေါ်တွင် ထမ်းဆောင်ရန်တာဝန်များ(တမင်) ပျက်ကွက်ခြင်းများကိုပါ ထိရောက်စွာ အရေးယူရန်လိုလာသည်။ ယခု တွေ့ကြုံခဲ့သည့် အိမ်ဖော်ကလေးများ ညှင်းပန်းနှိပ်စက်ခံရမှုများတွင် အဆိုပါအချက်ကို မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ကြပြီးဖြစ်သည်။ ယခင်က အမှုမဖွင့်ခဲ့ဘဲ ယခုကဲ့သို့ ကျယ်ကျယ်လောင်လောင်ဖြစ်မှ အမှုဖွင့်ခဲ့သည်ကို အထက်နမူနာပေးခဲ့သည့် အမှုက သက်သေခံနေသည်။

နိုင်ငံ့ဝန်ထမ်းသည် အစိုးရအဖွဲ့၏အသက်ဖြစ်သည်။ အစိုးရအဖွဲ့၏ ရည်မှန်းချက်များကို အောင်မြင်အောင် လက်တွေ့ဖော်ဆောင်ရသူများဖြစ်သည်။ နိုင်ငံရေးအရ တက်လာသော အစိုးရမည်မျှပင် ပြောင်းစေဝန်ထမ်းအဖွဲ့အစည်းများက မိမိတို့တာဝန်ကို မိမိတို့ စဉ်ဆက်မပြတ်ထမ်းဆောင်နေရမည်ကို အားလုံးအသိဖြစ်သည်။ ယခုအစိုးရအဖွဲ့ကား ပြည်သူအများစု ယုံကြည်ပါသည်ဟု ရွေးချယ်ခဲ့သော အမေအိုကြီး၏ အစိုးရအဖွဲ့ဖြစ်သည်။ အမေအိုကို ယုံကြည်လျှင် ၎င်း၏ အစိုးရအဖွဲ့ကိုလည်း ယုံကြည်ရပေမည်။ မိမိတို့ယုံကြည်သော အစိုးရအဖွဲ့၏ ရည်မှန်းချက်အောင်မြင်ရေး လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်မှာ နိုင်ငံ့ဝန်ထမ်းတိုင်း၏ တာဝန်ဖြစ်သည်။ ထို့အတွက် ကောင်းမွန်သောအစိုးရတစ်ရပ်ဖြစ်ပေါ်လာရေး ရည်မှန်းချက်ထားနေသည့် အမေအိုကို တာဝန်ကျေပွန်ခြင်းဖြင့် ကူညီပေးရန်မှာ နိုင်ငံ့ဝန်ထမ်းတိုင်း၏ တာဝန်သာဖြစ်သည်။

## အုပ်စုဖွဲ့ကာ အမုန်းစကားပြော

အထက်တွင် တင်ပြခဲ့သည့် အကြမ်းဖက်အရေး၊ လက်နက်ကိုင် ပဋိပက္ခအရေး၊ နိုင်ငံ့ဝန်ထမ်းများအရေး၊ ပါတီယုံကြည်မှုအရေးများတွင် ယနေ့မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည်မှာ အုပ်စုဖွဲ့၍ အမုန်းစကားတိုက်ပွဲများ ပြင်းထန်လာကြခြင်းကလည်း တိုင်းပြည်အတွက် အနှောင့်အယှက် တစ်ခုဖြစ်စေသည်။ တိုက်ပွဲကိစ္စများတွင်လည်း တစ်ဖက်နှင့်တစ်ဖက် အုပ်စုများကွဲပြားကာ တိုင်းရင်းသားလက်နက်ကိုင်များဘက်နှင့် တပ်မတော်ကို ထောက်ခံကြသူများဘက်၊ ဝန်ထမ်းများအရေးတွင်ဝန်ထမ်းဘက်နှင့် အရပ်သားဘက်၊ နိုင်ငံ့ဝန်ထမ်းများတွင်လည်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ တာဝန်ပိုင်း ၊ လုပ်ပိုင်ခွင့်ပိုင်း ယှဉ်ပြိုင်ခြင်း၊ ကြားဖြတ်ရွေးကောက်ပွဲ အသံလေးများထွက်လာတော့ ပါတီယုံကြည်မှုများအပိုင်းတို့တွင် ယခင်မကြုံဖူးသော အမုန်းပွားမှုများ မြန်မာနိုင်ငံတွင် များလာသည်။

အထူးအားဖြင့် လွတ်လပ်စွာ ရေးသားခွင့်နှင့် မိမိရေးချင်ရာအတိုင်းအဆမဲ့၊ ဆင်ဆာမဲ့ရေးသားနိုင်သော လူမှုကွန်ရက်စာမျက်နှာထက် တိုက်ခိုက်မှုများ၊ အမုန်းပွားမှုများ ပိုများလာသည်။ မေတ္တာဖြင့်အရှည်သဖြင့်နေခဲ့သော မြန်မာပြည်သူတို့ ဘက်တွေရှိလာပြီး အမုန်းတွေပွားလာသည်။ နိုင်ငံရေးအရလည်း တစ်ဖက်နှင့်တစ်ဖက် ကြိုက်သည် မကြိုက်သည်ရှိပေမည်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးမည်ဆိုလျှင်လူနည်းစုကို လေးစားသကဲ့သို့ လူများ၏ ဆန္ဒကို လိုက်နာရမည်။ မိမိတို့တောင်းဆိုသည့် ဒီမိုကရေစီအတွက် အဆိုပါအချက်ကို ပြည်သူတိုင်း နားလည်ထားသင့်သည်။ ထိုသို့မဟုတ်ပါဘဲ အမုန်းပွားရန်များနေကြလျှင် မျှော်မှန်းသည့်ဒီမိုကရေစီပန်းတိုင်ကား ရောက်နိုင်မည်မဟုတ်ပေ။ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်ဦးနှင့်တစ်ဦး စနစ်တကျ ဝေဖန်ထောက်ပြ၊ ဆွေးနွေးကြခြင်းဖြင့်သာ အဖြေရှာကြရပေမည်။ ထိုသို့ အမုန်းပွားနေကြခြင်းဖြင့် မိမိတို့၏ အမေအိုကြီး ရည်မှန်းချက် အောင်မြင်လိမ့်မည်မဟုတ်။ အမုန်းမပွား ညီညီညွတ်ညွတ်ဖြင့် ကူညီကြပါမှသာလျှင် အမေအိုကို ချစ်ပါသည်ဟူသော ပြောစကားနှင့် ညီညွတ်ပေလိမ့်မည်။ အမေအိုအတွက် ရန်ဖြစ်ပေးခြင်းထက် အမေအိုအတွက် ရန်ဖြစ်ခြင်းကို ဖျန်ဖြေပေးခြင်းကသာ ကူညီရာ ရောက်ပေလိမ့်မည်။

## ပန်းသလား အမေအို

သီချင်းထဲတွင်တော့ ပန်းသလားမေပျိုဟု ကြားဖူးသည်။ ကျွန်တော်တို့ နိုင်ငံတွင်တော့ ပန်းသလားအမေအိုဟု ပြောင်းဆိုရတော့မည်။ အမေအိုက ငြိမ်းချမ်းရေးအတွက် ညီလာခံလုပ်သည်။ တိုက်ပွဲတွေက မရပ်နိုင်သေး။ အမေအိုက လူ့အခွင့်အရေးနှင့် အကြောက်တရားကင်းမဲ့ရေး ဦးတည်သည်။ အမေအို၏သားသမီးတွေက အချင်းချင်းညှဉ်းပန်းနှိပ်စက် ကလူမှုပြုနေကြသည်။ အမေအိုက ကောင်းမွန်သန့်ရှင်းသော အစိုးရဟု ရည်မှန်းဖော်ဆောင်သည်။ ငွေမရသည့်ဝန်ထမ်းတို့၏ ပညာပြမှုတို့က ပညာသားပါနေသည်။ အမေအို ညီညွတ်ရေးအတွက် နေ့မအား ညမနားဖော်ဆောင်နေသည်။ အမေအို၏ သားသမီးများက အုပ်စုဖွဲ့၍ အမုန်းစကား စစ်များထိုးနေကြသည်။ အမေအိုက အိမ်ကခွာပြီး နိုင်ငံတကာမှာ ဝင်ဆန့်အောင် ကြိုးပမ်းနေချိန် အိမ်တွင်းရေးက မငြိမ်သက်။ အမေအိုရဲ့ အသက်နဲ့စာရင် အရမ်းပင်ပန်းနေလောက်ပြီဆိုသည်ကို သိသင့်ပါသည်။ အပြောင်းအလဲကို မျှော်နေယုံဖြင့် အပြောင်းအလဲ ဖြစ်မလာနိုင်။ ပြောင်းလဲအောင် ဆောင်ရွက်မှုတွင် အမေအိုကို ညီညာစွာကူညီကြရပေမည်။ အမေအိုကို ချစ်ပါသည် တဖွဖွပြော၍ အမေအို ဆန္ဒနှင့် ဆန့်ကျင်ဆောင်ရွက်နေကြသည်များရပ်သင့်ပေပြီ။ ဘာတွေဆန့်ကျင်နေကြသည်ကို အမေအိုကို ပြန်မေးရန်မလို။ အမေအို ပြောခဲ့သမျှ ပြန်လေ့လာ၊ မိမိတို့ကိုယ်ကိုယ်မိမိတို့ ပြန်ဆန်းစစ်လိုက်လျှင် တွေ့မြင်ကြရပေလိမ့်မည်။ ကျွန်တော်ထင်သည်။ အမေအို ပင်ပန်းနေလောက်ပြီ။

**သော်နေဇော် (ဥပဒေ)**



# သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှ ဆရာတော်၊ သံဃာတော်များအား ထာဝရကုမ္ပဏီလီမိတက်မိသားစုက ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်း

ထာဝရကုမ္ပဏီလီမိတက်နှင့် ရွှေဥသြ ရွှေဆိုင်မိသားစုတို့၏ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကို အောက်တိုဘာ ၃၁ရက် နံနက်ပိုင်းက စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တွင် ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (တွဲဖက်ရွှေကျင်သာသနာပိုင် ဆရာတော်)ထံမှ ကထိန်အလှူရှင် ဦးမောင်ကို+ဒေါ်ရွှေဥ(ထာဝရကုမ္ပဏီလီမိတက်နှင့် ရွှေဥသြရွှေဆိုင်)မိသားစုတို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး ကထိန်သင်္ကန်းနှင့်တကွ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ရှိ ပုရိမဝါမှ ထတော်မူကြသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်အပါး ၁၂၀ အား ကထိန်သင်္ကန်းနှင့်တကွ လှူဖွယ်ပစ္စည်းများကပ်လှူပြီး ထာဝရငွေပဒေသာပင် ကျပ်သိန်း ၃၀၀ စိုက်ထူလှူဒါန်းသည်။

၎င်းနောက် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ကထိန်အလှူတော်သို့ လာရောက်သူများကို နေ့လယ်စာဖြင့် တည်ခင်း ဧည့်ခံကျွေးမွေး ကြောင်းသိရသည်။

SM-D



# မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာ လူနေတိုက်ခန်းများ ၂၀၁၇ ဇန်နဝါရီလတွင် စတင်ရောင်းချသွားမည်



မန္တလေးတိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာများဝယ်ယူနိုင်ရန်အတွက် လျှောက်လွှာများကို နိုဝင်ဘာ ပထမပတ်မှစတင်၍ ရောင်းချပေးသွားမည်ဖြစ်ပြီး အမှန်တကယ် အိမ်ရာလိုအပ်သူများကိုသာ စိစစ်ရောင်းချသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးမြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးရုံးမှ သိရသည်။

“ကျွန်တော်တို့ မန္တလေးမှာဖြစ်နေတာက တိုက်ခန်းရပြီးရင် လူမနေဘဲ ပြန်ရောင်းကြတဲ့ ပြဿနာပဲ။ အဲဒါတွေမဖြစ်အောင် အမှန်တကယ် နေအိမ် ရှိ/မရှိ တိုင်းဒေသကြီးအစိုးရနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ၊ မြို့နယ်ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေ ပူးပေါင်းပြီးလုပ်ဆောင်ဖို့ စီစဉ်ထားတယ်။ လိမ်လည်လျှောက်ထားလို့ မရပါဘူး။ လျှောက်လွှာရောင်းမှာကိုလည်း အရောင်လေးမျိုးခွဲထားတယ်။ အစိုးရဝန်ထမ်းအတွက်ဆို ဘာအရောင်၊ ကုမ္ပဏီဝန်ထမ်းအတွက်ဆို ဘာအရောင်ဆိုပြီး လျှောက်လွှာအရောင်ခွဲ၊ ရောင်းချသွားမှာပါ”ဟု မန္တလေးတိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးက ပြောသည်။

တန်ဖိုးမျှတအိမ်ရာများကို အစိုးရဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ အငြိမ်းစားများနှင့် ဝင်ငွေနည်း ပြည်သူများကိုသာ ရောင်းချပေးမည်ဖြစ်ပြီး အစိုးရ ဝန်ထမ်းများနှင့် ကုမ္ပဏီဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာအကြီးအကဲ၏ ထောက်ခံချက်ဖြင့်လည်းကောင်း၊ အငြိမ်းစားများနှင့် ဝင်ငွေနည်းပြည်သူများ အနေဖြင့် ပြည်သူ့လွှတ်တော်(သို့မဟုတ်) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက်များဖြင့်လည်းကောင်း တင်ပြ လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

“လျှောက်ထားခွင့်ရရှိသူများအနေဖြင့် ငါးနှစ်အတွင်း ငှားရမ်းတာ၊ တစ်ဆင့်ပြန်ရောင်းတာမျိုး၊ လုပ်တာတွေ့ရင် ပြန်လည်သိမ်းယူပါ့မယ်။ စည်းကမ်းပျက် အမည်စာရင်းသတ်မှတ်ပြီးလည်း တိုက်ခန်းလျှောက်လွှာထပ်မံတင်ခွင့် ရပ်ဆိုင်းခံရမှာပါ”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

လက်ရှိ ဆောက်လုပ်ထားသည့် မြရည်နန္ဒာ တန်ဖိုးမျှတအိမ်ရာတွင် တိုက်ခန်းပေါင်း ၅၆၀ရှိပြီး တိုက်ခန်းတစ်ခန်းလျှင် ၆၅၀ စတုရန်းပေ ကျယ်ဝန်းသည်။ အတွင်းတွင် အိပ်ခန်း နှစ်ခန်း၊ ဧည့်ခန်း တစ်ခန်း၊ မီးဖိုခန်းနှင့် ရေချိုးခန်း၊ အိမ်သာများပါရှိသည်။ တိုက်ခန်းဈေးနှုန်းမှာ မြေညီထပ်၂၂၃သိန်း၊ ပထမထပ် ၂၀၈သိန်း၊ ဒုတိယထပ် ၁၉၃သိန်း၊ တတိယထပ် ၁၇၁သိန်း၊ စတုတ္ထထပ် ၁၆၃ သိန်း ဖြစ်သည်။ လျှောက်လွှာများကို နိုဝင်ဘာလ ပထမ အပတ်မှ စတင်ရောင်းချမည်ဖြစ်ပြီး ၂၀၁၇ခုနှစ် ဇန်နဝါရီ ပထမပတ်တွင် မဲနှိုက်ရောင်းချပေးသွားမည် ဖြစ်သည်။

တန်ဖိုးမျှတအိမ်ရာများ ဝယ်ယူမည့်သူများသည် တိုက်ခန်းတန်ဖိုးအား အရစ်ကျစနစ်ဖြင့် လေးလလေးရစ်ဖြင့် အကြေပေးချေသောစနစ်ဖြင့်လည်းကောင်း ဘဏ်ချေးငွေဖြင့်လည်းကောင်း ဝယ်ယူသောစနစ်တို့ဖြင့် ဝယ်ယူနိုင်ပြီး မိသားစု၏ ပျမ်းမျှလစဉ်ဝင်ငွေမှာ အနည်းဆုံးကျပ် လေးသိန်းမှ ငါးသိန်းအထိ ရှိမည်ဖြစ်ကြောင်းသိရသည်။

တန်ဖိုးမျှတအိမ်ရာ တိုက်ခန်းများ ဝယ်ယူရန် လျှောက်လွှာတင်လိုသူတစ်ဦးက “ဝင်ငွေနည်းတဲ့ သူတွေအတွက် ဒီအစီအစဉ်က ကောင်းပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ ဒါပေမဲ့ ထောက်ခံစာ ကိစ္စကတော့ ဘဝင်မကျဘူး။ အရင်ခေတ် ပြန်သွားနေသလိုပဲ။ ဘယ်သူကမှ ကွင်းဆင်းစစ်ဆေးတာမဟုတ်ဘဲနဲ့ ထောက်ခံစာပေးမယ့်သူက အဓိက ဖြစ်နေတာကတော့ မဟုတ်သေးဘူးထင်တယ်”ဟု ပြောကြားသည်။ a0 ,

# အောင်စိုးမိုးကျော်(၂) ခရီးသည်တင် အမြန်ရေယာဉ် နစ်မြုပ်မှုဖြစ်စဉ်မှ သေဆုံးသူတစ်ဦးလျှင် ငွေကျပ် ၁၇သိန်း သေဆုံးသူများ၏ မိသားစုဝင်များအား ကူညီထောက်ပံ့ပြီးဖြစ်

အောက်တိုဘာ ၁၅ရက် နံနက် ၅နာရီခန့်က ချင်းတွင်းမြစ်ကြောင်း ဟုမ္မလင်း–မုံရွာပြေးဆွဲလျက်ရှိသော အောင်စိုးမိုးကျော်(၂) ခရီးသည်တင် အမြန်ရေယာဉ် ချင်းတွင်းမြစ်အတွင်း တိမ်းမှောက်မှုနှင့် စပ်လျဉ်း၍ အသက်ဆုံးရှုံးခဲ့ရသူများအား နိုင်ငံတော်နှင့် ပုဂ္ဂလိကအလှူရှင်များက ထောက်ပံ့ကူညီမှုများပြုခဲ့ကြရာ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုကော်မတီနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့ပူးပေါင်း၍ တွေ့ရှိသည့် ၇၃ဦး အလောင်းခွဲခြားနိုင်ပြီး ပိုင်ရှင်ပေါ်ပေါက်သော ၅၀ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ငါးသိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၂၅၀၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက တစ်ဦးလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် စုစုပေါင်း ကျပ်သိန်း ၁၅၀ ထောက်ပံ့ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် Market Trading Co.,Ltd ကလည်း တစ်ဦးလျှင် ကျပ်နှစ်သိန်းနှုန်းဖြင့် ငွေကျပ် သိန်း ၂၀၀အပါအဝင် ကျန်အလှူရှင်များ၏ ထောက်ပံ့မှုများကိုလည်း အချိုးကျတွက်၍ထောက်ပံ့ရာ ပိုင်ရှင်ပေါ်ပြီး လူ ၅၀အတွက် တစ်ဦးလျှင် ၁၇သိန်းကျပ်ရရှိထားကြောင်း သိရသည်။

ထို့ပြင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်းနိုင် (ဆိတ်ကြီးခနောင်တို)က ဆရာ၊ ဆရာမတွေအတွက် အဖွဲ့သီးခြားဖွဲ့ပြီး သီးသန့်ငွေကျပ် သိန်း ၁၄၀ ထောက်ပံ့ထားမှုရှိကြောင်း သိရသည်။ ပုဂ္ဂလိကအလှူရှင်များအနက် အနာဂတ်အလင်းတန်းက စုစုပေါင်း ငွေကျပ် ၁၁၀၀၊ အေးငြိမ်းချမ်းသာ ရေယာဉ်အသင်းက ငွေကျပ်သိန်း ၂၀၀၊ ဝင်းပပထွန်းရွှေပန်းထိမ်က ငွေကျပ် ၁၀သိန်း၊ ဟုမ္မလင်း ရွှေကုမ္ပဏီက ငွေကျပ် ၁၇သိန်းသုံးသောင်း၊ တင်ဝင်းထွန်းကုမ္ပဏီ (မုံရွာ)က ငွေကျပ် ၁၅သိန်း၊ ရောဝတီ Green Towers Co., Ltd က ငွေကျပ် ၁၀သိန်း၊ မစက(မုံရွာ)က ငွေကျပ် သိန်း ၅၀၊ ကိုလင်းလင်း+မချစ်သုဝေတို့အဖွဲ့က ငွေကျပ် သိန်း ၃၀၊ ဇာတ်မင်းသား ဖိုးချစ်က ငွေကျပ် သိန်း ၅၀ စသဖြင့် လှူဒါန်းမှုများရှိထားပြီး အဆိုပါလှူဒါန်းမှုများအား စနစ်တကျတွက်ချက်ပြီး အချိုးကျထောက်ပံ့ခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုအစိုးရအဖွဲ့က ကူညီထောက်ပံ့မှု များဆောင်ရွက်သလို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း ပိုင်ရှင်ပေါ်သည့် သေဆုံးသူ ၅၀ဦးအတွက် တစ်ဦးလျှင် ကျပ်သုံးသိန်းနှုန်းဖြင့် ငွေကျပ်သိန်း ၁၅၀ ထောက်ပံ့ကူညီပေးအပ်ပြီးဖြစ်ကြောင်းနှင့် အသက်အာမခံနှင့်ပတ်သက်၍လည်း သေဆုံးသူတစ်ဦးကို ငွေကျပ် ၁၀သိန်း ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ရေယာဉ်နစ်မြုပ်ခြင်းကြောင့် သေဆုံးသူများအနက် အလောင်းတွေ့ရှိသူ ၇၃ဦးတွင် ခွဲခြားနိုင်ပြီး ပိုင်ရှင်ပေါ်ပေါက်သူ ၅၀ဦးနှင့် ပိုင်ရှင်မပေါ်ပေါက်သေးသော အလောင်းများလည်းရှိရာ အဆိုပါအလောင်းများကို စနစ်တကျမြေမြှုပ်သင်္ဂြိုဟ်ထားပြီး ပိုင်ဆိုင်သည့်ပစ္စည်းများ မှတ်တမ်းများ စနစ်တကျရယူထားခြင်း မြေမမြှုပ်ခင် ဓာတ်ပုံရိုက်ခြင်းများ ဆောင်ရွက်ထားကြောင်း၊ နောက်ထပ်ပိုင်ရှင်ပေါ်လာသူများအတွက်လည်း ထောက်ပံ့မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက နိုင်ငံပိုင်ကြေးမုံသတင်းစာသို့ ပြောကြားချက်များအရ သိရသည်။




"ခုခေတ်လူငယ်တွေ စာမဖတ်ကြဘူး"လို့ စာရေးဆရာများက ညည်းညူကြပါတယ်။ "ရုပ်သ စာပေတွေ ပျောက်ကွယ်ကုန်ပြီ"လို့လည်း အလန့်တကြား ထအော်တတ်ကြပြန်ပါတယ်။ "စာအုပ်ဈေးတွေကြီးပြီးအမြတ်တွေကို ထုတ်ဝေသူတွေက ရလွန်းလို့"ဟုလည်း စာဖတ်သူတွေက အော်ကြပါတယ်။ "ဘာစာတွေကို ဖတ်ရမှာလဲလို့" လူငယ်တွေက မေးကြပြန်ပါတယ်။ နောက်ဆုံးတော့ "နိုင်ငံတော်က စာပေမြှင့်တင်ဖို့ လုပ်ပေးသင့်တယ်"လို့ မရောင်ရာ ဆီလူးကြပြန်တယ်။

အရင်းစစ်လို့ စာရင်းချုပ်ရရင် စာအုပ်မရောင်းရတာပါပဲ။ ဝယ်ဖတ်စရာ စာအုပ်ဆိုင် မရှိတော့တာကိုလည်း ပြောတယ်။ မရောင်းရလို့ အရင်းပြုတ် ဆိုင်ဖြုတ်ရတာကိုလည်း အပြစ်ပြောကြပြန်ပါတယ်။ နောက်ဆုံးတစ်ခွန်းတည်းသော စွပ်စွဲ ချက်က ဒီကနေ့လူငယ်တွေ "စာမဖတ်ကြဘူး"တဲ့။

ဟိုတစ်နေ့က စာပေဆွေးနွေးပွဲတစ်ပွဲမှာ စာရေးဆရာတစ်ဦးက လူငယ်တွေ စာမဖတ်ကြဘူး ပြောတော့ လူငယ်တွေက ပြန်ပြောတာက "လူငယ်တွေ စာမဖတ်ဘူးလို့ မပြောပါနဲ့"တဲ့။ ဒါကလည်း မှန်သောစကားပါ။ လူငယ်တိုင်း စာမဖတ်ကြတာ မဟုတ်ပါဘူး။

ဆရာသင့်နော်က ပြောတယ်။ "ရန်ကုန်က စာအုပ်ဈေးပွဲတော်တွေမှာ လူငယ်တွေ စာအုပ်ဝယ်တာ အံ့မခန်းပဲ။ ဆိုင်ပိတ်သိမ်းချိန်အထိ အလုအယက်ဝယ်ကြတယ်။ စာအုပ်ဝယ်လို့ ပိုက်ဆံပြတ်သွားတဲ့ လူငယ်တွေက ပိုက်ဆံလာပို့ဖို့ အိမ်ကို ဖုန်းဆက်မှာတဲ့သူတောင် တွေ့ခဲ့ရတယ်"တဲ့။ တကယ် စာဖတ်တဲ့လူငယ်တွေ စာဖတ်ကြပါတယ်။ စာမဖတ်တဲ့သူတွေလည်း ရာခိုင်နှုန်း တော်တော်များများ ရှိကြမှာပါ။ ဒါကလည်း ခေတ်အဆက်ဆက်မှာ ဒီလိုပဲရှိခဲ့တာပါ။

အရင်က စာအုပ်တစ်သောင်းကုန်တယ်။ နောက် ငါးထောင်ကုန်တော့ စာမဖတ်ကြဘူးပြောတယ်။ တစ်ထောင်ပဲ ရောင်းရတော့ ပိုဆိုးလာကြပြီ ပြောလားပြောရဲ့။ အခု ငါးရာတောင် မကုန်တော့ "စာပေခေတ်ကြီး ပျက်ပါပြီ အော်ကြပါတယ်" တကယ်လား။

အရင်က ရုပ်ရှင်တွေပေါ်တော့ စာအုပ်တွေ မဖတ်ကြတော့ဘူး ပြောတယ်။ ကက်ဆက် ဇာတ်လမ်းခွေတွေထွက်တော့ တစ်ခါပြောတယ်။ ဗီဒီယို၊ ဗီစီဒီတွေ ပေါ်တော့ ပြောကြပြန်တယ်။ အခု အင်တာနက်ခေတ်မှာ အော်ကြပြန်ပြီ။

ဒါပေမဲ့ စာအုပ်ကတော့ အသက်ရှိကောင်း ရှိနေပါသေးတယ်။

အဓိက က စာရေးနေတဲ့ စာရေးဆရာတွေ စာဖတ်ကြဖို့ပါ။ သူများတွေကို စာမဖတ်ကြဘူး ပြောပြီး ကိုယ်တိုင်က စာမဖတ်ကြတာပါ။ အဲဒီလို ပြောရင် စာရေးဆရာ၊ ဆရာမများက စိတ်ကောက်ကြပါတယ်။ သူတစ်ပါးသာ ပြောချင်တာ ဆရာလုပ်ချင်တာ။

စာရေးဆရာတွေ စာမဖတ်ဘူးဆိုတာ ရဲရဲပြောချင်ပါတယ်။ ထပ်ပြောရရင် ငှက်ပျောသီးတစ်လုံးနဲ့ အချိုကုန်နေကြတဲ့ သူတွေအများကြီးပါ။ ကိုယ်ရေးတဲ့ စာမှ စာ။ ကိုယ်ဖတ်တဲ့စာမှ စာ။ ကိုယ်ရေးတဲ့ စာမှ တကယ့်စာဆိုတဲ့ ပုဂ္ဂိုလ်တွေ များနေကြလို့ပါ။

အလွယ်ဆုံးက ဆွဲပြောရရင် ပြည်သူပိုင် အစိုးရသတင်းစာတွေက ဆောင်းပါးဆရာတွေပါ။ တစ်ခါလာလည်း "မြန်မာအားကစား ကမ္ဘာကို လွှမ်းရမည်" (လက်ရှိအားကစား အခြေအနေကို မသိဘူး)။ "စက်မှုစွမ်းအား ပြည်ထွန်းကား" (အစိုးရစက်ရုံတွေတောင် ပုဂ္ဂလိကလွှဲပေးနေရပြီ)။ အမြဲစိမ်းမြို့တော်ကြီးဖြစ်ကိုဖြစ်ရမည်။ (လမ်းမလွတ်လို့ မြို့ပေါ်က ခုတ်ပစ်တဲ့ သစ်ပင်တွေ၊ တောင်ပေါ်လမ်းဘေး ၁၀ ပေလောက်က လွဲရင် တောင်ကတုံးထီးတည်းတွေကို မကြည့်ဘူး)။ ပြောင်းလဲချိန်တန်ပြီ။ (တိုင်ထိပ်က အော်တာကိုပဲ ကြားတယ်။ အလယ်နဲ့အောက်က တုတ်တုတ်မှမလှုပ်ဘူး။

အဲဒီလို တိုင်းကျိုးပြည်ပြု ဆောင်းပါးကြီးတွေ။ သီတင်းကျွတ်နားနီးရင် "ဝါလကင်းလွတ် သီတင်းကျွတ်"၊ "မိဘဆရာပူဇော်ကြ"၊ "မြတ်ဆရာကို ရိုသေကြ"၊ "ဆီမီးဖြိုင်ဖြိုင် တန်ဆောင်တိုင်"၊ "ထမနဲပွဲ တို့ဆင်နွှဲ"၊ "စည်းလုံးခြင်းအစ ထမနဲပွဲက"။ တပေါင်းလကျတော့လည်း ဒါပဲ။ တန်ခူးလည်း ဒါပဲ။ အဲဒီလို ဆောင်းပါးတွေက ၁၂လရာသီ ပြည့်ဖြစ်တော့ အစကပြန်စ။ ဒါပဲ တစ်နှစ် တစ်နှစ် မုန့်လုံးစက္ကူကပ်ဆောင်းပါးတွေကို ဘယ်လူငယ်တွေက ဖတ်ကြမှာတုန်း ပြောပါဦး။

ဒီကြားထဲ ဆောင်းပါးစာမူခကို ပေစာကျင်းစား အတိုင် ဘယ်လောက်၊ အရှည် ဘယ်၍ ပေးတော့ စာကို တစ်မျက်နှာပြည့်အောင် ပရုပ္ပဖွရေးကြတော့ ကရွတ်ကင်းလျှောက် အဆုံးမရှိတဲ့ စာတွေကို ကလေးတွေ မဖတ်တာပဲ ကောင်းပါတယ်။

ကလေးတွေကို စာမဖတ်ကြဘူးလို့ ပြောနေကြတဲ့ ဆရာ ဆရာမတွေကတော့ ကိုယ်ရေးနေကျစာကလွဲလို့ ဘာတွေများ ပိုရေးနေကြပြီလဲ။ ရသ၊ ရသလို့အော်ပြီး ကိုယ့်စာက တောမရောက် တောင်မရောက် ရသပလီပလာဖြစ်နေကြတာကိုကော သတိထားမိကြပါရဲ့လား။

တစ်ခါလာ အချစ်ခံစားချက်။ တစ်ခါလာ နှစ်နာသူ ခံစားချက်။ ဘဝအဆုံး ဆင်းရဲတွင်းထဲက မထွက်တဲ့ စာတွေကကော ဒီကနေ့ လူငယ်တွေကို ဆွဲဆောင်နိုင်ကြပါ့မလား။

ဒီကနေ့ခေတ်ကြီး ဘာတွေဖြစ်နေသလဲ။ ဘာတွေ အရှိန်အဟုန်နဲ့ ပြောင်းနေကြသလဲ။ တစ်နေ့၊ တစ်ပတ်၊ တစ်လဆိုတဲ့ အချိန်ရဲ့နောက်မှာ ကိုယ်ကျန်နေရစ်ခဲ့တဲ့အခါ ဘာတွေမသိ၊ မရ၊ မကြားတွေဖြစ်သွားခဲ့ပြီလဲဆိုတာကို ကိုယ်တိုင် ပြန်ဖတ်ကြည့်ကြပါ။

ကိုယ်ဆိုင်ရာ စာ၊ ကဗျာ၊ ဝတ္ထုကလေးတွေ သာဖတ်ပြီး ကျန်တဲ့စာတွေ သတင်းစာ၊ ဂျာနယ်တွေကို မကြည့်ကြတဲ့ ဆရာသမားတွေ အများကြီးပါ။ သူတို့ရဲ့ အနုအရွအလှအပ စကားလုံးတွေထဲမှာ ဝဲလှည့်ပြီး လည်နေကြတာ ကြာပြီကော။ စာအသစ်ဆိုတဲ့ ပုံစံအသစ်တွေ၊ အသံအသစ်တွေကိုပဲ ရှာကြတယ်။ ဒီကနေ့ စာဖတ်လူငယ်စုကို ကိုယ်စားပြုနိုင်မယ့် အတွေးအခေါ် အယူအဆ လေးစားလောက်စရာတွေ ထွက်မလာကြတော့ဘူး။ ကိုယ့်စာ သူ့ပေးဖတ်၊ သူ့စာကိုယ်ဖတ်၊ ဘုတ်ကျီးမြှောက် ကျီးဘုတ်မြှောက်တဲ့စာတွေများနေမှတော့ လူငယ်တွေက ဘယ်မှာ စာဖတ်ကြတော့မှာလဲ။

လက်ခုပ်သံတောင်းနေတဲ့ စာဟောဆရာတွေကလည်း အာဏာရှင်တက်တော့ အာဏာရှင်ဆော်။ ဒီမိုကရေစီရောက်တော့ ဒီမိုဆော်၊ အမျိုးဘာသာဆိုတော့ အမျိုးချစ်လိုက် နိုင်ငံရေးစကားလုံးပါမှ လူကြိုက်မယ်ဆိုတော့ လက်သီးလက်မောင်းတန်းပြီး အလုံးကြီးတွေ့ အော်လိုက်ကြနဲ့ ဟိုကောင်ပြေးကပ်၊ ဒီကောင်ပြေးကပ်နဲ့ လက်ခုပ်သံသာယာလိုက်ကြတာ။ တောင်းတဲ့သူက တောင်းသေးရဲ့။ ကဲ- ဒီကနေ့ ကလေးတွေ စာဖတ်အောင် ဘာလို့များ စာပေအကြောင်း မဟောကြပဲနဲ့ ဘာလို့ စင်ပေါ်က ဆဲနေကြရတာတုန်း။ အရှိန်မကုန်ကြသေးလို့လား။ ဆဲလက်စမပြတ်ကြသေးလို့လား ဆရာတို့။ တချို့ကများ ပါရဂူ၊ မြသန်းတင်တို့ ဒီကနေ့လူငယ်တွေ မသိကြတော့ဘူး။ ငါမှငါဆိုပြီး ခြေမလက်မစုံ ထောင်ပြနေကြတဲ့ ဆရာတွေကလည်း ရှိလားရှိသေးရဲ့ အံ့ရောပဲ။

ကဲ- မေးပါရစေ .. စာမဖတ်ကြဘူးလို့ ပြောနေကြတဲ့ ဆရာကြီး၊ ဆရာမကြီးတွေ ဒီကနေ့ လူငယ်တွေအတွက် ခေတ်စာမျက်နှာပေါ်က စာတွေ ဖတ်မိကြပါရဲ့လား။ သူများကို ပြောမယ်ကြံရင် ကိုယ်က အရင်ဖတ်ပြီးပြောပါ။ ဆွေးနွေးပါ။ ဟောကြားပါ။ ကိုယ်ဖတ်ခဲ့ မှတ်ခဲ့ဖူးတာလေးနဲ့ ဒါမှမဟုတ် ...

ငှက်ပျောသီးတစ်လုံး၊ ထန်းလျက်တစ်ဆုပ်နဲ့ တစ်ဖက်တစ်ချက်ကိုင်ပြီး အချိုကုန်မနေကြပါနဲ့တော့ ခင်ဗျာ။

av½;

■ ■ ■

## ကထိန်အလှူပွဲများကြောင့် စစ်ကိုင်းကြက်မွေး တံမြက်စည်း ထုတ်လုပ်သူများ လက်မလည်အောင် ထုတ်လုပ်နေရ

ကထိန်ခင်းကျင်းရာတွင် မပါအဖြစ် လှူဖွယ်ပစ္စည်းအဖြစ် ထည့်သွင်းလှူဒါန်းကြသဖြင့် စစ်ကိုင်းမြို့မှ ကြက်မွေးတံမြက်စည်း တစ်နိုင်တစ်ပိုင် ထုတ်လုပ်ရောင်းချသူများမှာ ယခုရက်ပိုင်းတွင် လက်မလည်အောင် ထုတ်လုပ်နေကြရကြောင်း သိရသည်။

စစ်ကိုင်းမြို့ ထုံးဘိုရပ်ကွက်တွင် ကြက်မွေးတံမြက်စည်းထုတ်လုပ်သူများရှိရာ ကုန်ကြမ်းအတွက် ကြက်မွေးကို မန္တလေး၊ ရွှေဘို၊ မြင်းမူ၊ ဝက်လက်နှင့် ရေဦးမြို့နယ်ရှိ ကြက်မွေးမြူရေးခြံကြီးများနှင့် တစ်နိုင်တစ်ပိုင်ကြက်မွေးမြူရေး ခြံများသို့ သွားရောက်ဝယ်ယူကြရပြီး ကုန်ကြမ်းလက်ကိုင် ကြိမ်လုံးကို ပဲခူးမြို့မှဝယ်ယူကာ ကြက်မွေးတံမြက်စည်းအဖြစ် ထုတ်လုပ်ရောင်းချခြင်းဖြစ်သည်။

"ကြက်မွေး ကုန်ကြမ်းဈေးက ရောပွမ်းတစ်ပိဿာကျပ် နှစ်သောင်းစွန်းစွန်း ဖြစ်လာတယ်။ ကြိမ်လုံးက တစ်လုံး ၈၅ကျပ်ပေးရတယ်။ အလုပ်သမားခက ကြက်မွေးတစ်ချောင်း ကျပ် ၂၅၀ပေးရတယ်။ ကုန်ကြမ်းကြက်မွေးဈေးက အရင်က ကျပ် ၁၅၀၀၀၊ ၁၆၀၀၀ပဲ ရှိတာ။ အခုကုန်ကြမ်းဈေးက မြင့်လာတော့ ကြက်မွေးတံမြက်စည်းဈေးလည်း မြင့်တက်မှု ရှိပါတယ်။ ဒီရက်ပိုင်း ကထိန်ပွဲတွေရှိတော့ ခါတိုင်းထက်ပိုရောင်းနေရတယ်"ဟု ထုံးဘိုရပ်မှ ကြက်မွေးတံမြက်စည်းထုတ်လုပ်ရောင်းချသူ ဦးထွန်းလုက ပြောကြားသည်။

ကြက်မွေးတံမြက်စည်း ထုတ်လုပ်ရောင်းချရာတွင် ကြက်ဖလည်ဆံမွေးတစ်ချောင်းလျှင် ငွေကျပ် ၁၇၀၀၊ ကြက်ဖ၊ ကြက်မရောရာ အမွေး တစ်ချောင်း ကျပ် ၁၀၀၀၊ ကြက်မမွေးတစ်ချောင်း ကျပ် ၇၀၀နှင့် မျက်နှာကြက်ခေါင်မိုးလှည်းကြက်မွေး တံမြက်စည်းအရှည်တစ်ချောင်း ကျပ် ၂၀၀၀ဖြင့် ဖောက်သည် ဈေးရောင်းချသည်။

ယခုအခါ ကထိန်ပွဲတော်များ မြန်မာနိုင်ငံနေရာအနှံ့အပြား ကျင်းပချိန်ဖြစ်သဖြင့် မန္တလေးနှင့် ရွှေဘိုမြို့အရောက် ဖောက်သည်များက မှာယူမှုများပြားနေသည့်အတွက် ထုံးဘိုတိုက်နယ်ရှိ ကြက်မွေးတံမြက်စည်းလုပ်ငန်းရှင်များအနေဖြင့် မှာကြားချက် ပြည့်မီအောင် အချိန်နှင့်တစ်ပြေးညီ လုပ်ကိုင်ပေးနေရကြောင်း သိရသည်။



**အောင်ဇေယျာ**



## ပြင်ဦးလွင်မြို့ရှိ မီးပုံးပျံပွဲတော် ဒိုင်နေရာများကို လူသစ်များဖြင့် ပြင်ဆင် ဖွဲ့စည်းသွားမည်

ပြင်ဦးလွင်မြို့အထင်ကရ မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားကြီး တန်ဆောင်တိုင်ပွဲတော်ကို နှစ်စဉ် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ရာ ယခုနှစ်(၁၂)ကြိမ်မြောက်ပွဲတော် မီးပုံးပျံလွှတ်တင်ပြိုင်ပွဲတွင် ဒိုင်အဖွဲ့နေရာများ၌ လူဟောင်းအချို့ကို လျှော့ချ၍ အင်အားဖြည့်သည့်အနေဖြင့် လူသစ်များဖြင့်အစားထိုးကာ ဒိုင်အဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီး အရှေ့ဘက် အခြေရှိကွင်း၌ မီးပုံးပျံလွှတ်တင်ပြိုင်ပွဲကို နှစ်စဉ် ကျင်းပလာခဲ့ရာ ပြိုင်ပွဲတွင် နေ့အရုပ်အလှ၊ ညမီးကျည်နှင့် စိန်နားပန်ပြိုင်ပွဲဝင် အသင်းများက သတ်မှတ်ကဏ္ဍအလိုက် နေ့ရောညပါ ဝင်ရောက်လွှတ်တင်ယှဉ်ပြိုင်ကြသည်။

"ပြိုင်ပွဲဝင်အသင်းများ ကျေနပ်မှုရှိစေရပါမယ်။ အမှန်တကယ်ဆုရနိုင်တဲ့ အသင်းကို ရွေးချယ်ဆုပေးမှာပါ။ ဒိုင်နေရာများကိုလည်း ဒီနှစ်လူဟောင်းထဲက တချို့ကိုလျှော့ချထားပြီး လူသစ်များနဲ့အင်အားဖြည့်ထားပါတယ်။ ဒိုင်အသစ်များကို ရပ်မိရပ်ဖများသာ ရွေးထားပြီး အတွေ့အကြုံရှိတဲ့လူဟောင်းများက လူသစ်များကို လက်တွဲခေါ်နိုင်အောင် စီစဉ်ပေးထားပါတယ်"ဟု ဘုရားကြီးဂေါပကအဖွဲ့ဝင် ဦးကျော်ငွေးကို အောက်တိုဘာ ၃၀ရက်က ဆက်သွယ်မေးမြန်းရာတွင် ပြောကြားခဲ့သည်။

ယခုနှစ် တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပြိုင်ပွဲကို တန်ဆောင်မုန်းလဆန်း ၁၂ရက်မှ လပြည့်နေ့အထိ ကျင်းပမည်ဖြစ်ရာ ပွဲတော်လာရပ်နီးရပ်ဝေးဘုရားဖူးများ စိတ်ချမ်းသာစွာ လာရောက်နိုင်ရန် လုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကင်းဝေးရေးအတွက် လုံခြုံရေးအင်အား ၃၀၀ ကျော်ဖြင့် နေ့ညမပြတ် ထားရှိဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇေယျာ**

Shwe Mandalay CARTOON

V;a&



## rEav;wi;a'olu; owlvyie;&irm;toi; 2016cEp Epywvntpn;ta0;Ei tvytraqmitzop a&;cs,yusi;yrn

မန္တလေးတိုင်းဒေသကြီး သတ္တုလုပ်ငန်းရှင်များ အသင်း (MRMA)၏ ၂၀၁၆ခုနှစ် နှစ်ပတ်လည် အစည်းအဝေးနှင့် အလုပ်အမှုဆောင်အဖွဲ့သစ် ရွေးချယ်ပွဲကို နိုဝင်ဘာ ၁၂ရက် နံနက် ၁၀နာရီတွင် မန္တလေးမြို့ Hotel Hazel ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မန္တလေးတိုင်းဒေသကြီး သတ္တုလုပ်ငန်းရှင်များအသင်း (MRMA) ၏ အလုပ်အမှုဆောင်အဖွဲ့သစ်ရွေးချယ်ပွဲသို့ မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ်မှ ဥက္ကဋ္ဌ ဦးခင်မောင်ဟန်နှင့် အလုပ်အမှုဆောင်များ တက်ရောက်ကြီးကြပ်ရွေးချယ်ပေးမည်ဖြစ်သည်။

## မန္တလေးမြို့အခြေစိုက် MANDALAY INTERTAINMENT GROUP က ရိုက်ကူးမည့်ဇာတ်ကားများနှင့် ဖျော်ဖြေရေးအစီအစဉ်များအတွက် မိတ်ဆက်ရှင်းလင်း



မန္တလေးမြို့အခြေစိုက် MANDALAY INTERTAINMENT GROUP က ရိုက်ကူးထုတ်လုပ်ဖြန့်ချီသွားမည့် ရုပ်ရှင်ဇာတ်ကားကြီးများနှင့် မန္တလေးမြို့ပေါ်တွင် ဖျော်ဖြေတင်ဆက်မည့် Intertainment အစီအစဉ်များနှင့် ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပွဲကို နိုဝင်ဘာ ၃ရက် နံနက် ၁၀နာရီက မန္တလေးမြို့ ဆီဒိုးနားဟိုတယ်ခန်းမဆောင်တွင် ကျင်းပသည်။

မိတ်ဆက်ရှင်းလင်းပွဲသို့ MANDALAY INTERTAINMENT GROUP မှ တာဝန်ရှိသူများ၊ ရုပ်ရှင်အနုပညာရှင်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

MANDALAY INTERTAINMENT GRO- UP မှ စီစဉ်တင်ဆက်သွားမည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းရာတွင် MANDALAY INTERTAINMENT GROUP မှ မဇွန်ဥုပ်က ရိုက်ကူးပြီး ရုပ်ရှင်ဇာတ်ကားနှင့် ဆက်လက်ရိုက်ကူးထုတ်လုပ်သွားမည့် ရုပ်ရှင်ဇာတ်ကားများ၊ မန္တလေးမြို့ပေါ်တွင် ဖျော်ဖြေတင်ဆက်ရန် စီစဉ်ထားသည့် Intertainment များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရုပ်ရှင်သရုပ်ဆောင် အိချောပိုနှင့် ဒါရိုက်တာဩရသတို့ကလည်း MANDALAY INTERTAINMENT GROUP နှင့် ရိုက်ကူးမည့် ဇာတ်ကားများကို ရှင်းလင်းပြောကြားပြီး ဘိုဘိုအင်တာတိန်းမန့်မှ ကိုဘိုဘိုစန်းက MANDALAY INTERTAINMENT နှင့် တွဲဖက်လုပ်ဆောင်သွားမည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

၄င်းနောက် တက်ရောက်လာသော စာနယ်ဇင်းဆရာများကိုယ်စား ရွှေမန္တလေး သတင်းဂျာနယ်မှ တာဝန်ခံအယ်ဒီတာ ကိုထွန်းဝင်းက မုဒိတာစကားပြောကြားပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးကြသည်။

MANDALAY INTERTAINMENT GROUP က ၂၀၁၅ခုနှစ်တွင် စာရေးဆရာမောင်သာရ၏ ဝတ္ထုကို ဒါရိုက်တာညီညီထွန်းလွင် စီစဉ်ရိုက်ကူးပြီး ကျော်ရဲအောင်၊ ဇေရဲထက်၊ စိုးမြတ်သူဇာ၊ အိချောပိုနှင့် ဇာတ်ရံများစွာပါဝင်သော "ထမီကျွတ်၍ လွှတ်လိုက်သည်"ဇာတ်ကားကို ရိုက်ကူးထားပြီး ၂၀၁၇ ခုနှစ်တွင် ရုံတင်ပြသတော့မည်ဖြစ်သည်။ ယခု နိုဝင်ဘာလ ၁၅ရက်၌ ဒါရိုက်တာဩရသရိုက်ကူးမည့် သရုပ်ဆောင် ကျော်ရဲအောင်၊ ခန့်စည်သူ၊ နေထူးနိုင်၊ လွှမ်းပိုင်၊ အိချောပိုနှင့် ဇာတ်ရံများစွာ ပါဝင်သော ရုပ်ကျော်ရွာကျော် ရုပ်ရှင်ကားကြီးကို ရိုက်ကူးရန် စီစဉ်နေပြီး မင်းမော်ကွန်းနှင့် သရုပ်ဆောင်များစွာပါဝင်မည့် မဟာနဒီဒရမ်မာ ဇာတ်ကားကြီးကိုလည်း ဒါရိုက်တာစတီး(ဒွေးမေတ္တာ)နှင့် ရိုက်ကူးမည်ဟု သိရသည်။

"မန္တလေးမြို့ပေါ်မှာ ဖျော်ဖြေရေးပွဲတွေ လုပ်သွားဖို့ရှိပါသေးတယ်။ အခုလာမယ့် နိုဝင်ဘာ ၁၂ရက်နေ့ည ဂိုးဒင်းစီးတီးကွင်းမှာ အဆိုတော်ဇော်ဝင်းထွဋ်၊ ဝေလ၊ အောင်ထက်၊ ဝိုင်းစုခိုင်သိန်းတို့ရဲ့ ဆေးပေါင်းခတဲ့ည ဂီတဖျော်ဖြေပွဲလုပ်ဖို့ရှိပါတယ်။ ပြီးရင် ပရဟိတ ရန်ပုံငွေပဒေသကပွဲလည်းလုပ်ဖို့ ရှိပါသေးတယ်" ဟု မဇွန်ဥုပ်က ပြောပါသည်။

**SM-D**

## စိုးရိမ်စိတ်များခြင်းက နှလုံးရောဂါပိုဖြစ် နိုင်

ကျန်းမာရေး မကောင်းမှုနှင့် ပတ်သက်ပြီး စိုးရိမ်နေသူ တစ်ယောက်သည် နှလုံးရောဂါဖြစ်နိုင်ချေပိုများသည်ဟု လေ့လာမှုတစ်ခုကဆိုကြောင်းကို နိုဝင်ဘာ ၄ရက် ဘီဘီစီ သတင်းက ဆိုသည်။

နော်ဝေနိုင်ငံရှိ သုတေသီများက လူပေါင်း ၇၀၀၀ ခန့်အား ကျန်းမာရေးနှင့် ပတ်သက်ပြီး စိုးရိမ်စိတ် လွန်ကဲသူများအား ဆယ်စုတစ်ခုနီးပါး လေ့လာစမ်းသပ်ခဲ့သည်။ လူမှုကိစ္စ အထွေထွေနှင့် ပတ်သက်ပြီး စိုးရိမ်စိတ်လွန်ကဲခြင်းက နှလုံးရောဂါဖြစ်သည့် အကြောင်းရင်းတစ်ခုဖြစ်သလို ကျန်းမာရေးကောင်းဖို့ စိုးရိမ်စိတ်လွန်ကဲမှုသည်လည်း နှလုံးရောဂါဖြစ်စေနိုင်သည်ဟု ယခုပြုလုပ်သည့် BMJ Open လေ့လာမှု စာတမ်းက ဆိုသည်။



လူတစ်ဦးက ကျန်းမာရေးအခြေအနေနှင့်ပတ်သက်ပြီး စိုးရိမ်စိတ်များဖြစ်ပေါ်နေပြီဆိုလျှင် ဆရာဝန်နှင့်ဆွေးနွေးသင့်သည်ဟုလည်း ကျန်းမာရေးပညာရှင်များကဆိုသည်။ ကျန်းမာရေးနှင့်ပတ်သက်ပြီးစိုးရိမ်မှုများတွင် ပြင်းထန်သည့် ရောဂါတစ်ခုနှင့်ပတ်သက်သော ရောဂါလက္ခဏာပြသခြင်းမရှိဘဲနှင့် အဖျားပြင်းထန်ခြင်းနှင့်ဆေးကုသဖို့ နည်းလမ်းရှာခြင်းတို့ကို မကြာခဏပြုလုပ်ခြင်းကဲ့သို့ အခြေအနေများ ပါဝင်သည်။

တုမလေးလိမ္မာဖို့

# ကျွန်တော်သေသွားတဲ့ အခါ

ciceaZm



ကျွန်တော့်ရင်ထဲမှာ စွဲထင်နေတဲ့ ကဗျာလေးတစ်ပုဒ် ရှိပါတယ်။ ဆရာ သားဂျာနယ်ကျော် ရေးတာလို့ ထင်ပါတယ် အမှတ်မှားရင် ခွင့်လွှတ်ပေးပါ။

ကိုယ်သေရင် မငိုနဲ့ ... ပါးစိုရုံ ရှိမှာပေါ့၊
သပိတ်မသွတ်နဲ့ ... လွတ်ပြီးသား ကျွတ်ပြီးသား
ထမင်းမထုပ်နဲ့ ... သိုးစာ၊ ပုပ်စာ၊ ဖြုန်းတီးစာ၊
အိုးမခွဲနဲ့ ... အိုးမလို ဘာကိုမှ ကိုယ်မစွဲဘူး၊
အပွင့်အခက်ယူမသွားနဲ့ ပြန်လိုက်ရမယ့်အစား မဟုတ်ဘူး။
ရက်လည်၊ လလည်၊ နှစ်လည်၊ ဘာကိုမှ မလည်နဲ့
သံသရာမှာ မလည်ချင်ဘူး။

ဒီကဗျာလေးရဲ့ အရိပ်အောက်မှာ ကျွန်တော်သေသွားတဲ့ အခါ ဆိုရင်ကောဆိုပြီး စဉ်းစားမိခဲ့ဖူးပါတယ်။

ကျွန်တော်သေသွားတဲ့အခါ ကျွန်တော့်အတွက် တချို့ တလေ ဝမ်းနည်းပူဆွေးကြမယ်။ ရှင်တုန်းကသာ ခင်ချင်ခင်၊ ချစ်ချင်ချစ်ကြမယ်။ သေသွားတဲ့အခါ ခြောက်မှာကြောက်ကြမယ့် သူတွေလည်းရှိမယ်။ ကျွန်တော်ကိုယ်တိုင်လည်း ဘယ်လိုသေသွားလေမလဲ။ ဘယ်နေရာမှာ သေမှာလဲ။ ဒါတွေတွေးမိပြီး "ကျွန်တော်သေသွားတဲ့အခါ"ဆိုပြီး ရေးထားခဲ့ချင်မိပါတယ်။

ကျွန်တော်သေသွားတဲ့အခါ ကျွန်တော့်အတွက်တော့ဖြင့် ဝမ်းနည်းပြီး မငိုကြွေးကြပါနဲ့။ ဘာလို့လဲဆိုတော့ ကျွန်တော်က အိပ်ရာဝင်တိုင်း မကြာခဏဆိုသလို ကျွန်တော့်ကိုယ်ကျွန်တော် သေကြည့်ဖူးပါတယ်။

## ကျွန်တော် ဘယ်လိုသေနိုင်မလဲ ..... ?

ကျွန်တော်က သွားလာလှုပ်ရှားမှု ထမင်းစားရတာဆိုတော့ သွားလာလှုပ်ရှားနေရင်းနဲ့ ကားတိုက်ပြီး သေနိုင်တယ်။ လေယာဉ်ပျက်ကျပြီး သေနိုင်တယ်။ ဒီခေတ်ဒီကာလမှာ ဘာကိုမှ အစိုးမရသေးလို့ သူများသတ်လို့လည်းသေနိုင်တယ်။ ဒီလိုမှမဟုတ်ရင် ရောဂါတွေကြောင့်လည်း သေနိုင်တယ်။ နာတာရှည်ရောဂါဖြစ်ပြီး တော်တော်နဲ့ မသေနိုင်ဘဲ အိပ်ရာတည်း ဝဋ်ကြွေးတွေဆပ်နေရသလို ခံစားပြီး ပြုစုသူတွေလည်း ငြီးငြင်လာမယ်၊ ကိုယ်လည်း စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ပြီးမှလည်း သေချင်သေမယ်။ ဖြုတ်ခနဲ အမှတ်မထင်လည်း သေချင်သေမယ်။ တရားနာရင်း တရားထိုင်ရင်းလည်း သေချင်သေမယ်။ ကျွန်တော်သေခြင်းပေါင်းများစွာထဲက တစ်ခုခုနဲ့ သေကို သေမယ်။

## သေပြီးရင် ကျွန်တော် ဘယ်ကိုရောက်နိုင်မလဲ ?

မုချသေရမယ့် ကျွန်တော်က သေပြီးရင် ဘယ်ကို ရောက်နိုင်မလဲဆိုတာကိုလည်း ဆက်တွေးမိတတ်ပါသေးတယ်။

ကျွန်တော်က ဒေါသမကင်းတော့ ငရဲကို ရောက်နိုင်တယ်။ ဒေါသစိတ် တစ်စိတ်ကလေးပေါ်ရင်တောင် ငရဲမှာ တစ်ဘဝရောက်ရတယ်ဆိုတော့ ဒေါသစိတ်တွေအများကြီးဖြစ်ခဲ့ဖူးတဲ့ ကျွန်တော် ငရဲကို ရောက်ရမယ့်ဘဝတွေ အများကြီးရရှိနိုင်ပါတယ်။

ကျွန်တော်က လောဘလည်း မကင်းတော့ ပြိတ္တာဘုံကိုလည်း ရောက်နိုင်ပါတယ်။ လောဘစိတ် တစ်စိတ်ကလေးပေါ်ရင်တောင် ပြိတ္တာတစ်ဘဝဆိုတော့ ပြိတ္တာဘုံမှာလည်း ဘဝများစွာ ရောက်နိုင်ပါတယ်။ ကျွန်တော်က မောဟလည်းမကင်းတော့ တိရစ္ဆာန်ဘဝလည်း ရောက်နိုင်ပါတယ်။ ဘာလို့လဲဆိုတော့ မောဟစိတ်ကလေး တစ်စိတ်ပေါ်လာရင်တောင် တိရစ္ဆာန်တစ်ဘဝ ဖြစ်နိုင်တယ်ဆိုတော့ မောဟစိတ်တွေဖြစ်ခဲ့ဖူးတဲ့ ကျွန်တော်ဟာ တိရစ္ဆာန်ဘဝများစွာလည်း ဖြစ်နိုင်ပါတယ်။ တိရစ္ဆာန်ဘုံကိုလည်း ရောက်နိုင်ပါတယ်။

ဒီလိုမှမဟုတ်ဘဲနဲ့ သိတတ်တဲ့ အချိန်ကစပြီး ပရိတ်ပဋ္ဌာန်း ရွတ်ဖတ်ခဲ့တယ်။ အနက်အဓိပ္ပာယ် လေ့လာသင်ယူခဲ့တယ်။ တတ်နိုင်သမျှ ညီညွတ်အောင် နေထိုင်ခဲ့တဲ့ ကုသိုလ်၊ အားထုတ်ခဲ့တဲ့ ဝိပဿနာ အနည်းငယ်ရဲ့ ကုသိုလ်တရားတွေအကြောင်းပြုပြီးများ ငရဲက လွတ်မလား၊ လှူခဲ့တန်းခဲ့ပြီး အမျှဝေသာဓုခေါ်ခဲ့တဲ့ ဒါနကုသိုလ်ကြောင့်များ ပြိတ္တာဘဝက လွတ်ပြီး ကောင်းရာမွန်ရာ ရောက်မလား၊ ဘုရားရှင်နဲ့ တရားတော်၊ သံဃာတော်တွေအပေါ် ယုံကြည်မှု သဒ္ဓါတရား ထက်သန်ခဲ့လို့များ တိရစ္ဆာန်ဘုံက လွတ်ပြီး ကောင်းရာမွန်ရာ ရောက်မလား။ ဒီလိုတွေ အမြဲစဉ်းစားပြီး အိပ်ရာဝင်တိုင်း မကြာခဏ သေကြည့်ခဲ့လို့ ကိုယ့်ကိုယ်ကိုယ် ကြိုတင်ပြင်ဆင်သင့်တာတွေ ပြင်ဆင်ထားပါတယ်။ ဒါကြောင့် ကျွန်တော်သေသွားတဲ့အခါ ကျွန်တော့်အတွက်တော့ဖြင့် ပူပင်သောကရောက်ပြီး မငိုပါနဲ့။ ဒီနေရာမှာ ကျွန်တော်နှစ်သက်ခဲ့တဲ့ပုံဝတ္ထုလေး တစ်ပုဒ် ရေးပြပါ့မယ်။

အခါတစ်ပါးမှာပေါ့ ... ဗာရာဏသီပြည်မှာ ဘုရားအလောင်းဟာ လယ်လုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းမှုပြုပါတယ်။ သူ့မှာ သားတစ်ယောက်၊ သမီးတစ်ယောက်၊ ချွေးမ တစ်ယောက်နဲ့ ကျွန်မတစ်ယောက်ရှိပါတယ်။ ဘုရားအလောင်းရဲ့ ဇနီးရောပေါင်းရင် အားလုံးမိသားစုခြောက်ယောက်ပေါ့။ တစ်နေ့တော့ သားလုပ်သူဟာ လယ်လုပ်နေရင်း မြွေကိုက်ခံရပြီး ဆုံးပါးသွားတယ်။ ဘုရားအလောင်းလည်း သားဖြစ်သူအလောင်းကို သစ်ပင်အောက်ရွှေ့ထားပြီး ရွာထဲကို လူကြုံနဲ့ "ဒီနေ့ ထမင်းလာပို့ရင် တစ်ယောက်စာသာ လာပို့"ဖို့ မှာလိုက်တယ်။ ဒီလိုမှာတာကို အိမ်သားတွေကလည်း သဘောပေါက်ပြီး တစ်ယောက်စာ ထမင်းထုပ်တဲ့ပြီး စုပြုံလာရောက်ကြတယ်။ ရောက်တဲ့အခါ ပူပင်သောကနဲ့ ငိုကြွေးကြခြင်းမရှိဘဲ အလောင်းကို ကောင်းမွန်စွာ သင်္ဂြိုဟ်ကြတယ်။ ဒီအကြောင်းအရာကို သိကြားမင်းက မေးတဲ့အခါမှာ ဘုရားအလောင်းက "မြွေဟာ အရေခွံလဲသည့်အခါ အခွံဟောင်းကို စွန့်သကဲ့ သို့ ငါ၏သားလည်း ခန္ဓာကိုယ်ကို စွန့်ခွာသွားခြင်း ဖြစ်တယ်။ ပူပင်သောက ရောက်ခြင်းဟာ ဘာအကျိုးမှ မရှိသလို ငါ့သားလည်း မသိနိုင်ပါ။ ဒါကြောင့် မငိုခြင်းဖြစ်တယ်"လို့ ပြောပြပါတယ်။

မိခင်ဖြစ်သူကလည်း ငါ၏ သားဟာ မခေါ်ဘဲ မိသားစုထဲ ရောက်လာတယ်။ အခု ငါခွင့်မပြုဘဲလည်း ဘဝတစ်ပါးကို ထွက်သွားတယ်။ ကံအားလျော်စွာရောက်လာပြီး ကံအားလျော်စွာ ထွက်သွားတယ်။ ဒါကြောင့် အကျိုးလည်း မရှိနိုင်သလို ငါ့သားလည်း မသိနိုင်တဲ့အတွက် မငိုခြင်းဖြစ်ပါတယ်"လို့ ပြောပြပါတယ်။

နှမငယ်ကလည်း "မောင်ကြီးဟာ သေပြီဖြစ်တဲ့အတွက် ငါ၏ ငိုခြင်း ပူဆွေးသောကရောက်ခြင်းဟာ ငါ့ကိုပဲ ပိန်လှီလာနိုင်ပြီး အကျိုးမရှိလို့ မငိုပါ"။

မယားဖြစ်သူကလည်း သေသောသူအတွက် ငိုကြွေးခြင်းနဲ့ အဖန်ဖန်သောကရောက်ခြင်းဟာ လမင်းကြီးကို လိုချင်လို့ ပူဆာတဲ့ ကလေးငယ်ရဲ့ ပူပင်သောကနဲ့တူပြီး ဘာအကျိုးမှမရှိ၊ သေသူလည်း မသိနိုင်လို့ "ပူပင်သောကရောက်ပြီး ငိုကြွေးခြင်းမပြုတာပါ"လို့ ဖြေတယ်။

ကျွန်မကလည်း "ခုနစ်စိတ်ကွဲသွားတဲ့ အိုးဟာ ပြန်ဆက်လို့ မရသလို ပူပင်သောကကြောင့် ငိုခြင်းဟာ သေသောသူအတွက် အကျိုးမထူးနိုင်ပါ။ သေသောသူလည်း မသိနိုင်ပါ။ ဒါကြောင့် မငိုတာပါ"လို့ ဖြေကြားပါတယ်။ သိကြားမင်းလည်း ကြည်ညိုမှုဖြစ်သွားခဲ့ရပါတယ်။

*နောက်တစ်ပတ် ဆက်ရေးပါဦးမယ်*

ciceaZm

■ ■ ■

# တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲ ကြည့်ရှုလိုသူများ အခကြေးငွေ ပေးကြည့်ရမည့် ပွဲကြည့်စင်များ ဒေသခံများ ကန့်ကွက်သဖြင့် ပြန်လည် ဖျက်သိမ်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင်ကျင်းပမည့် တန်ဆောင်တိုင် မီးပုံးပျံပွဲကြည့်ရှုလိုသူများအား တစ်ခန်းလျှင် ကျပ်သုံးသောင်းနှုန်းဖြင့် ပွဲကြည့်စင် ငှားရမ်းမည့်အစီအစဉ်အား တောင်ကြီးမြို့ခံများက သဘောတူကျေနပ်ခြင်းမရှိသဖြင့် နိုဝင်ဘာ ၁ရက်၌ အဝေးရာ မီးပုံးပျံကွင်းမှာ ကန့်ကွက် ဆန္ဒပြကြပြီးနောက် နိုဝင်ဘာ ၂ရက် မွန်းလွဲပိုင်းတွင် အဆိုပါအစီအစဉ်အား ပြန်လည်ဖျက်သိမ်းလိုက်ကြောင်း သိရသည်။

အဆိုပါပွဲကြည့်စင်တွင် အခန်း(၆)ခန်းပါသော တန်းလျားပေါင်း အလုံး ၃၀ပါဝင်ရာ စုစုပေါင်း အခန်း ၁၈၀ ပါဝင်မည်ဖြစ်ပြီး ဆောက်လုပ်မှုများပြီးစီးသလောက်ဖြစ်နေပြီဖြစ်ရာ ဆောက်လုပ်ပြီး အခန်း ၁၅၀အနက် ၈၅ခန်းအား နိုဝင်ဘာ ၂ရက်က ပြန်လည် ဖျက်သိမ်းလိုက်သည်။ ကျန်ရှိသောအခန်းများကိုလည်း ကုမ္ပဏီဝန်ထမ်းများအတွက်သာ ထားရှိတော့မည်ဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၁ရက်က အဝေးရာမီးပုံးပျံကွင်း၌ ဆန္ဒထုတ်ဖော်ရာ၌ ပွဲကြည့်စင်ဆောက်မည့်အစား အိမ်သာဆောက်ပါလား၊ ဆေးပေးခန်းဆောက်ပါလား၊ ရေဘုံဘိုင်တွေ လုပ်ပေးပါလား၊ သောက်ရေသန့်တွေလုပ်ပေးပါလား၊ လမ်းတွေချဲ့ပြီး လုံခြုံရေး၊ မီးလင်းရေး လုပ်ပေးပါလားစသဖြင့် တောင်းဆိုခဲ့ကြသည်။

တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲကြည့်သူများအား အခကြေးငွေဖြင့် ပွဲကြည့်စင် ငှားရမ်းကြရမည့်အပေါ် ဒေသခံများက ကန့်ကွက်ရာတွင် မည်သည့်အကျိုးအမြတ်မျှ ခံစားလိုခြင်းမရှိဘဲ ရိုးရာအစဉ်အလာအရ တောင်ကြီးမြို့သူမြို့သားများ စုပေါင်းကျင်းပခဲ့ကြသည့် တောင်ကြီးတန်ဆောင်တိုင်ပွဲကို စီးပွားရေးလုပ်ငန်းရှင်တွေက ခေါင်းပုံဖြတ်ခြင်းအပေါ်ကန့်ကွက်ခြင်း၊ မီးပုံးပျံများ ပွဲကြည့်စင်ပေါ်သို့ပျက်ကျလျှင် ကြည့်ရှုသူများ ထွက်မပြေးနိုင်ဘဲ အန္တရာယ်နှင့်ရင်ဆိုင်ရမည့် အခြေအနေရှိခြင်း၊ မီးသတ်ကားများ ဝင်လမ်းခဲယဉ်းသွားခြင်းအပြင် အဆိုပါအခန်းများအတွင်း မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုကျူးလွန်ရာနေရာ ဖြစ်သွားနိုင်ခြင်း စသည့်အချက်များ ပါဝင်ကြောင်းသိရသည်။

# စစ်ကိုင်းတွင် Beauty Slim Body Beauty & Fitness Center ဖွင့်



ကျန်းမာရေးလေ့ကျင့်လိုက်စားလိုသူများ လာရောက် ကစားနိုင်သည့် Beauty Slim Body Beauty & Fitness Center ကို နိုဝင်ဘာ ၃ရက်က စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်၊ ကုန်တိုက်လမ်းကြား လမ်းသွယ်တွင်ဖွင့်လှစ်ကြောင်း သိရသည်။

အဆိုပါ အားကစားလေ့ကျင့်ခန်းမှ အမျိုးသား၊ အမျိုးသမီးများအား အချိန်သတ်မှတ်၍ ကိုယ်ခန္ဓာအလှပြုပြင်ခြင်း၊ကိုယ်အလေးချိန်လျှော့ချခြင်းနှင့် ကျန်းမာကြံ့ခိုင်သော ခန္ဓာကိုယ်ရရှိရေးအတွက် လမ်းလျှောက်စက်၊ အိပ်ထမတင်စက်၊ လက်နှင့်ခါး သီးခြားလေ့ကျင့်သည့် အကြောဖြေစက်များဖြင့် လာရောက်ကစားသူများအား သင်တန်းမှ သင်ကြားပို့ချပေးသည့်အပြင် လက်တွေ့လေ့ကျင့်ခန်းများကိုပါ စနစ်တကျဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လေ့ကျင့်မှုများကို အားကစားနည်းပြ မဆုရည်အောင်နှင့် သင်တန်းဆရာများက သင့်တင့်မျှတသော ဈေးနှုန်းဖြင့် သင်ကြားပို့ချပေးကြောင်း သိရသည်။ **အောင်ဇေယျာ**



# တောင်ကြီး တန်ဆောင်တိုင်ည လည်ပတ်မည့် ဧည့်သည်များအတွက် သတိပြုရန်



(၁) ဘွတ်ဖိနပ် မဖြစ်မနေစီးစေချင်ပါတယ်။ ပြီးတော့ တချို့နှစ်တွေ တော်တော်အေးလို့ မာဖလာ(သို့)ခြုံထည်များ ဆောင်ပေးပါ။ ပွဲခင်းထဲထိုင်ရန် ယိုးဒယားဖျာများ ယူသွားနိုင်ပါသည်။ ပွဲခင်းထဲတွင် ဆာလာအိတ်များရောင်းသည်။

(၂) မိန်းကလေးများ ကုတ်အင်္ကျီအရှည်ဖြင့် လည်ပတ်လျှင် သင့်တော်ပါမည်။ မိန်းကလေးအဖွဲ့မှာ ယောကျ်ားလေးနှစ်ယောက် (သို့) အဒေါ်အရွယ်များပါလျှင် ပိုကောင်းပါမည်။ ခါးပိုက်နှိုက်သတိပြု။ မီးပုံးပျံလွှတ်တင်ခြင်း အချိန်ဇယားယူထားပါ။ တစ်ည ပျမ်းမျှ ၁၂လုံးခန့် လွှတ်ပါသည်။ စိန်နားပန်(မီးပုံး ဖြင့်အလှဆင်)နှင့် ညမီးကြီး(မီးရှူးမီးပန်း)များက ညလွှတ်များဖြစ်သည်။

(၃) လမ်းပိတ်သောကြောင့် ကားနှင့်သွားသော ဧည့်သည်များ ပွဲခင်းသို့ စောစောသွားသင့်သည်။ ည၆နာရီ ၊ ၇နာရီခန့်။ ဖွင့်ပွဲနေ့ ညနေ ၄နာရီခန့် အရောက်သွားသင့်။ လူကွဲပါက ပြန်ဆုံရန် ပွဲခင်းထဲတွင် ဆုံမှတ်တစ်ခု သတ်မှတ်ပါ။

(၄) ပွဲဈေးလမ်းတစ်လျှောက် သိပ်မငေးဖို့ အကြံပေးပါရစေ။ ကိုယ့်အဖော် လက်ကို တွဲထား၊ ပခုံးဖက်ပြီးသွား၊ လူကျပ်သော နေရာများတွင် မီးရထားလို ပုံစံလုပ်ပြီး သွားကြရမည်။

(၅) ညမီးကြီး မီးပုံးပျံလွှတ်တင်ရန် အနေအထားတွင် လေလမ်းကြောင်း၏ ဆန့်ကျင်ဘက်တွင်နေပါ။ လေလမ်းကြောင်းကို မီးစာ၊ မီးဇော်၊ အငွေ့များ၊ မြူနှင်းအားများ ကြည့်နိုင်ခြင်းဖြင့် သိနိုင်သည်။ အိပ်နေသူများအား နှိုးပါ။ သတိရှိပါ။ ညမီးကြီး၏ မီးရှူးမီးပန်းများ ကိုယ့်ဆီအနီးကပ်လာပါက အပေါ်ကြည့် အောက်ကြည့် လှည့်ကြည့်ပြေးပါ။ ကျောပေးပြီး လျှောက်မပြေးပါနှင့်။

(၆) လောင်းကစားဝိုင်း ရှိတယ်။ အပျော်တမ်းလောက် ကောင်းသည်။

(၇) အဖိတ်နေ့နှင့်လပြည့်နေ့သည် လူများသောကြောင့် လူပျောက်ကြော်ငြာတွေ ရာချီ၍ ပြန်ကြားရေးအဖွဲ့မှ အော်ပေးနေရသည်။ လူများပါက ဦးဆောင်သူ တစ်ယောက်အား မိုးပျံပူဖောင်းကိုင်ထားခြင်းဖြင့် လူမပျောက်အောင်လုပ်ပါ။ တစ်ယောက်နဲ့တစ်ယောက် လက်တွဲခြင်း၊ နောက်ဘက်မှ ပခုံးတွဲခြင်းများလုပ်ပါ။ ဖုန်းလိုင်းကျပ်သောကြောင့် လူပျောက်လျှင် ရှာရခက်သည်။ ပြန်ကြားရေးကို အကူအညီတောင်းနိုင်သည်။

(၈) သူများခြေထောက်မနင်းမိစေနှင့်။ ပခုံးမတိုက်မိစေနှင့်။ ယောကျ်ားလေးများ ပခုံးတိုက်မိလျှင် နောက်ပြန်လှည့် မကြည့်ပါနှင့်။ ပြဿနာလာရှာပါက ရှောင်ပါ။ သင်ငေးနေလျှင် သင့်နောက်လူက သင့်ဖိနပ်အား နင်းလိမ့်မည်။

(၉) အစားလျှော့စားပါ။ ရေလျှော့သောက်ပါ။ မိန်းကလေးများ အပေါ့အလေးသွားဖို့ ခက်သည်။ ဝေးလံသည်။ ယောကျ်ားလေးများ အမူးမလွန်စေနှင့်။ မသောက်လျှင် အကောင်းဆုံး။

(၁၀) မီးပုံးပျံအဖွဲ့များအား မသိလျှင် ဝင်မရောပါနှင့်။ ယမ်းခွေကားအနီး မကပ်ပါနှင့်။ မီးပုံးပျံအဖွဲ့များသည် ကြိုးကွင်း၍ သွားလေ့ရှိသည်။ ကြိုးကွင်းထဲ မဝင်ပါနှင့်။ ၎င်းတို့အနီး ဆေးလိပ်မသောက်ပါနှင့်။

(၁၁) မီးပုံးပျံတစ်လုံးကို လူ ၂၀ခန့် လေး၊ ငါးလ အချိန်ယူပြုလုပ်ရသည်။ ပင်တိုင်အဖွဲ့ဝင်များ နေ့မအား၊ ညမအိပ်လုပ်ရသဖြင့် လူရော၊ စိတ်ပါ ပင်ပန်းနေသည်။ အသက်အန္တရာယ်များသည်။ စည်းနှင့်ကမ်းနှင့် လုပ်ရသဖြင့် အမှားမခံကြပါ။ တစ် ခုခုဖြစ်ခဲ့သော စိတ်အလွန်ထိခိုက်ပြီး ဒေါသထွက်တတ်သောကြောင့် ဝေးဝေးနေပါ။

တောင်ကြီးတန်ဆောင်တိုင်ပွဲသည် အရမ်းပျော်ရွှင်ဖို့ကောင်းသည်။ အန္တရာယ်မဖြစ်စေလိုသောကြောင့် သတိပိုသည်မရှိဆိုသည့် အတိုင်းရေးရခြင်းသာဖြစ်ကာ အရမ်းလည်း မစိုးရိမ်ကြပါနှင့်။ ပွဲလည်ဖို့ စည်းကမ်း မလိုပါဘူး။ လုပ်သင့်တာ၊ မလုပ်သင့်တာ သိထားတော့ လည်လို့ကောင်းတာပေါ့။

**Sai Ko Lay ,**
**Taunggyi Fireballoon Festival**
**Credit: Sai Ko Lay၊**
**စိုင်းလင်းမြတ်အောင်၊ စိုင်းခမ်းမီး**

# မန္တလေးမြို့တွင် 3D ပန်းချီကားများဖြင့် မွမ်းမံပြင်ဆင်ထားသော စားသောက်ဆိုင်တစ်ဆိုင် ဖွင့်လှစ်မည်

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၇၁လမ်း၊ ၃၂×၃၃လမ်းကြားရှိ 12 Hours စားသောက်ဆိုင်ကို 3D ပန်းချီကားများဖြင့် မွမ်းမံပြင်ဆင် ဖွင့်လှစ်မည့်အစီအစဉ်ရှိကြောင်း သိရသည်။

"ဒါဟာ ပထမဆုံး ဖွင့်တာပါ။ 3D ပန်းချီနဲ့ ပတ်သက်ပြီး အရင်က ပြည်သူတွေ သိပ်နားမလည်ကြဘူး။ အခုတော့ တော်တော်လေးစိတ်ဝင်စားနေကြပြီ"ဟု 3D ပန်းချီကားရေးဆွဲသည့် ပန်းချီဆရာ ကိုမိုးဦးက ပြောသည်။

3D ပန်းချီကားများကို နံရံများတွင် ရေးဆွဲရာ၌ ဆီဆေးထက် ရေဆေးများကသာ ပိုမိုအသုံးဝင်ပြီး ရုပ်လုံးပန်းချီများလည်း ပိုမိုကြွလာကြောင်း၊ ယခုဖွင့်လှစ်မည့် ဆိုင်တွင် ညပိုင်း၌ ကချင်ရိုးရာ အစားအစာများ ရောင်းချမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပန်းချီကားများကို ရေးဆွဲရာတွင် ပုံစံဒီဇိုင်းပေါ်မူတည်၍ ၁၀ပေ×၁၅ပေ တစ်ချပ်လျှင် ကျပ်သုံးသိန်းမှ ခုနစ်သိန်းကျပ်အထိ ပေးရကြောင်း၊ နိုင်ငံတကာတွင် 3D ပန်းချီကား ဒီဇိုင်းများ ပေါ်ပေါက်သည်မှာ ကြာပြီဖြစ်သော်လည်း မြန်မာနိုင်ငံတွင် ၂၀၁၄ခုနှစ်မှ စတင်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

a0 ,

# မန္တလေး သံဃာအပါး၇၀၀ကျော်အား မန်းကုန်သည်ပွဲစားစက်ပိုင်များ ကထိန်တော်အသင်းမှ ခင်းကျင်းလှူဒါန်းမည်

မန္တလေးမြို့၊ ကုန်သည်ပွဲစားစက်ပိုင်များ မဟာကထိန်တော်အသင်းကြီး(ကုန်စည်ဒိုင်)၏ (၈၂)ကြိမ်မြောက် ကထိန်အလှူတော်ကို မန္တလေးကျောင်းတိုက်ကြီးနှစ်တိုက်တွင် သီတင်းသုံးသည့် သံဃာတော် ၇၀၀ကျော်အား နိုဝင်ဘာ ၉ရက်(တန်ဆောင်မုန်းလဆန်း ၁၀)မှ စတင်၍ ခင်းကျင်းလှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးကုန်စည်ဒိုင်အနေဖြင့် နှစ်စဉ် မြို့ပေါ်ကျောင်းတိုက်ကြီးများကိုသာ ကထိန်ခင်းကျင်းလှူဒါန်းလာခဲ့ရာ ယခုနှစ် (၈၂)ကြိမ်မြောက်တွင် မိုးကောင်းကျောင်းတိုက်မှ သံဃာတော် ၅၈၀ပါးနှင့် မန်ကျည်းတောကျောင်းတိုက်မှ သံဃာအပါး ၁၂၂ပါးတို့အား ခင်းကျင်းလှူဒါန်းခြင်းဖြစ်သည်။

ကထိန်ခင်းကျင်းလှူဒါန်းရာတွင် နိုဝင်ဘာ ၉ရက်ည၌ ဗန်းမော်ဆရာတော်ကြီးတရားပွဲ၊ နိုဝင်ဘာ ၁၀ရက် ညနေတွင် မြို့မတီးဝိုင်း၊ သီးလေးသီးအငြိမ့်၊ ဆောင်းအေးစုကျော်အဖွဲ့တို့၏ ဖျော်ဖြေပွဲများပါဝင်မည်ဖြစ်ပြီး ၁၁ရက်တွင် ၃၄လမ်း×၈၅လမ်းထောင့်ရှိ သာသနဗိမာန်တော်၌ သံဃာတော်များအား ကထိန်ပစ္စည်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ **အောင်ဇေယျာ**

# မြန်မာဘရူဝါရီလီမိတက်၏ ကရုဏာရှေးရှု မြန်မာမှုအစီအစဉ်မှ နှုတ်ခမ်းကွဲ အာခေါင်ကွဲ ကလေးများအား (၆)ကြိမ်မြောက် အခမဲ့ခွဲစိတ်ကုသပေး



မြန်မာဘရူဝါရီလီမိတက်၏ ပံ့ပိုးကူညီမှု ကရုဏာရှေးရှု မြန်မာမှုအစီအစဉ်ဖြင့် (၆)ကြိမ်မြောက် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲအခမဲ့ခွဲစိတ်ကုသပေးခြင်းကို နိုဝင်ဘာ ၂ရက် နံနက်ပိုင်းက မန္တလေးမြို့ ၆၆လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြားရှိ ခုတင် ၅၅၀ ဆံ့ ကလေးဆေးရုံကြီးတွင် ခွဲစိတ်ကုသပေးခဲ့သည်။


နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ အခမဲ့ခွဲစိတ်ကုသပေးခြင်းအခမ်းအနားကို အဆိုပါဆေးရုံရှိ ခန်းမဆောင်တွင်ကျင်းပရာ မန္တလေးခုတင် ၅၅၀ ကလေးဆေးရုံအုပ်ကြီး ဒေါက်တာဦးသက်ဆွေက အဖွင့်အမှာစကားပြောကြားပြီး မြန်မာဘရူဝါရီလီမိတက်မှ Chief Operating Officer ဦးကျော်ကြားက အခမဲ့ခွဲစိတ်ကုသပေးရခြင်းနှင့် ပတ်သက်၍ပြောကြားကာ Japan Heart International Medical Volundeers မှ Dr.Kishi Naoko က MBL နှင့် ပူးပေါင်းပြီး ခွဲစိတ်ကုသမှု ပြုလုပ်ရသည့်အကြောင်းကို ရှင်းလင်းတင်ပြသည်။

၎င်းနောက် မြန်မာဘရူဝါရီလီမိတက်မှ မန္တလေး ခုတင် ၅၅၀ ကလေးဆေးရုံကြီးအတွက် အလှူငွေကျပ်၁၀သိန်းပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံရယူသည်။

မြန်မာဘရူဝါရီလီမိတက်၏ ပံ့ပိုးကူညီမှု ကရုဏာရှေးရှု မြန်မာမှု အစီအစဉ်ဖြင့် ၂၀၁၀ခုနှစ်မှစတင်ကာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင်လည်းကောင်း၊ ၂၀၁၂ခုနှစ်တွင် မန္တလေးပြည်သူ့ဆေးရုံကြီး၌လည်းကောင်း၊ ၂၀၁၃၊ ၂၀၁၄၊ ၂၀၁၅ခုနှစ်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးဝါးဌာနတွင်လည်းကောင်း ခွဲစိတ်ကုသမှုများ ပြုလုပ်ပေးခဲ့ပြီး ယခုနှစ်တွင် မန္တလေးခုတင် ၅၅၀ ကလေး ဆေးရုံကြီး၌ (၆)ကြိမ်မြောက် ခွဲစိတ်ကုသပေးခြင်း ဖြစ်သည်။

မြန်မာဘရူဝါရီလီမိတက်၏ ကရုဏာရှေးရှုမြန်မာမှုအစီအစဉ်က ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့် သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများသို့ လိုအပ်သည်များကို ကူညီပံ့ပိုးဆောင်ရွက်ပေးနေကြောင်း သိရသည်။

SM-D



# လက်တွန်းလှည်း

- မြတ်လင်းသူ -

ကျွန်တော်တို့ကို လူတွေနာမည်ပေးခဲ့တာ လက်တွန်းလှည်းတဲ့။ ဟုတ်ပါတယ်။ ဘာလောင်စာဆီမှ မထည့်ရဘဲ 'စေလိုရာစေ'သွားဖို့အသင့်ပါ။

ကျွန်တော်တို့မှာလည်း လူတွေလိုပါပဲ။ ဂုဏ်ဒြပ်ကြီးငယ်၊ အဆင့်အတန်းအမျိုးမျိုး ကွဲပြားနေပါသေးတယ်။ သခင်(ပိုင်ရှင်)ပေါ်မူတည်ပြီး ဘဝတွေခြားနားတာပါ။

ဘယ်နှရာစုနှစ်က ပေါ်တယ်မသိပေမယ့် ကမ္ဘာမှာ သက်တမ်းရှည်ကြာလူတွေနဲ့နေလာခဲ့တာတော့ ကျွန်တော်တို့ 'လက်တွန်းလှည်း' တွေပါပဲ။

ကျွန်တော့်ကို ခေါ်ကြတာက 'အမှိုက်လှည်းတဲ့'၊ 'ဆူးလှည်း' လောက်တော့ နာမည်မဆိုးသေးဘူးပေါ့ဗျာ။ တစ်နေကုန် ခြေတိုအောင်သွားမှ ငွေငါးထောင်ပြည့်အောင် မရပါဘူး။

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ခင်က ကျွန်တော့်ဘိုးဘွားတွေ အလုပ်က ပိုဆိုးသေးတယ်။ ၁၉၃၀–၃၅ ခုနှစ် တစ်ဝိုက်ပေါ့။ မန္တလေးမြို့ကြီးတစ်မြို့လုံး မနက်မိုးမလင်းခင် မစင်ပုံးတွေ ပတ်တင်ရတာ ဘယ်လွယ်မှာလဲ။ 'ခေါ်တောကုလား'တွေနဲ့တွဲပြီး လုပ်ရတာ၊ ဒီလိုမျိုး လက်တွန်းလှည်းတွေလာရင် လူတွေကနှာခေါင်းပိတ်ပြီး ဝေးရာပြေးတော့တာ။ နှစ်ပေါင်း ၈၀ကျော်က ဘိုးဘွားတွေအကြောင်းပြောတာပါ။

( ၂ )

တစ်နေ့က ကျွန်တော်နဲ့ ကျွန်တော့်သခင် အလွန်ကြီးမားတဲ့ ကုန်တိုက်ကြီးတစ်ခုဘေးမှာ ဖြတ်သန်းကြတယ်။ ကုန်တိုက်ကြီးရှေ့မှာ စာရေးထားတာက "ငွေသုံးသိန်းကျော်ဖိုး ဝယ်ယူသူတိုင်းသုံးသောင်းတန် အိပ်ရာခင်းတစ်ထည် မေတ္တာလက် ဆောင်ပေးနေပြီ"တဲ့။

မကြာပါဘူး။ ကုန်တိုက်ထဲက ကျုပ်တို့'မျိုးဆက်သစ်'စတီးရောင်တဖိတ်ဖိတ်တောက်နေတဲ့ လက်တွန်းလှည်းတစ်စီး ထွက်လာသဗျ။ သူနဲ့အတူ ပိုက်ဆံ အိတ်အကြီးကြီးကိုင်ထားတဲ့ အမျိုးသမီးတစ်စုလည်း ပါသေးတယ်။ ဒီကောင်ကလည်း သုံးသိန်းကျော်တန်ပစ္စည်းတွေသယ်လာရတာ ဘဝင်မြင့်နေထင်ပါရဲ့။ ကျွန်တော့်ကို လှမ်းမြင်တာတောင် မမြင်ယောင်ဆောင်သွားသေးတယ်။

ကြီးမားတဲ့ပုဂ္ဂလိကဆေးရုံကြီးတစ်ခုရှေ့ကို ကျွန်တော်တို့ ဆရာတပည့် ရောက်သွားကြတယ်။ မကြာပါဘူး။ ဆေးရုံကြီးထဲက ကျွန်တော်တို့နဲ့ ဘဝတူ 'လက်တွန်းလှည်း'တစ်စီး ထွက်လာတယ်။ ဘဝတူလို့သာပြောရတာ။ သူတစ်ကိုယ်လုံး 'စတီးရောင်'တောက်နေတာပါ။ သူ့အပေါ်မှာ အသားဖြူဖြူ မျက်ပေါက်မှေးမှေးနဲ့ မိန်းမကြီးတစ်ဦးက ထိုင်လို့။

'စတီးလက်တွန်းလှည်း'တွန်းတဲ့သူကို ဘေးက လူတစ်ယောက်က ငွေစက္ကူ'တစ်ထောင်'တန် တစ်ရွက် လှမ်းပေးလိုက်တယ်။ ဒီကောင်ကလည်း အဲယားကွန်းတွေအပြည့်နဲ့ အဆောက်အအုံကြီးထဲက ကြွေပြားကျောက်ဖြူဖြူတွေပေါ်မှာ တစ်နေကုန်လျှောက်သွားပြီး သူ့ဆရာအတွက် ဝင်ငွေသောင်းဂဏန်းနီးနီး ရှာပေးနေသူမို့လားမသိဘူး။ ပုံကြည့်ရတာတော့ ခပ်မြောက်မြောက်ပဲဗျာ။

တစ်နေရာမှာတော့ ကြယ်နှစ်ပွင့်လား၊ သုံးပွင့်လား မသိပါဘူး 'ဟိုတယ်'ကြီးတစ်ခုရှေ့က ဖြတ်သွားကြရတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပါပဲဗျာ။ ဟိုတယ်ကြီးထဲက 'လက်တွန်းလှည်း'တစ်စီး ထွက်လာတယ်။ သူကတော့ အကောင်းကြီးတယ်ဗျ။ သူ့ကိုယ်ပေါ်မှာက သောင်းချီတန်တဲ့ ခရီးဆောင်အိတ်ကြီးတွေ၊ ဂေါ့(ဖ်)အိတ်တွေ၊ အဖိုးတန်ပစ္စည်းတွေ စုံလို့ပါပဲ။

သူ့ကို တွန်းထုတ်လာတဲ့ သူ့ဆရာအား ဘောင်းဘီရှည်ဝတ်ထားတဲ့ လူကြီးတစ်ယောက်က ငွေစက္ကူတစ်ရွက် လှမ်းပေးလိုက်တာမြင်ရဲ့။ ဒီကောင်က လည်း နေ့တိုင်းဓာတ်လှေကားစီးပြီး အဲယားကွန်းခန်းတွေထဲ ဝင်ရထွက်ရ၊ ဝင်ငွေလေးပုံမှန်ရနေတာဆိုတော့ ကျွန်တော်တို့ဘဝနဲ့တော့ မိုးနဲ့မြေပါပဲဗျာ။

( ၃ )

"ဘဲကင်တစ်ကောင် တစ်သောင်းသုံးထောင်" တဲ့။ အလိုလေး။ ဒီဆိုင်မျိုးတော့ ကျုပ်ဆရာလည်း မကပ်နိုင်ပါဘူး။ သေသေချာချာကြည့်တော့မှ ဆိုင်နောက်ဘက်မှာ ကျွန်တော့်လို 'လက်တွန်းလှည်း' တစ်စီး ရပ်ထားတာတွေ့ရတယ်။ သူ့ခမျာ နေ့တိုင်း မီးသွေးအိတ်တွေ၊ ထင်းတွေသယ်ရလို့ ထင်ပါရဲ့။ တစ်ကိုယ်လုံး မည်းကြုတ်နေတာပဲ။ သူ့ခြေထောက် (ဘီး)တွေကလည်း ယိုင်ရွဲ့နေပြီ။

သူက အသားမည်းပေမယ့် ကျွန်တော့်လိုတော့ နံနံစော်စော် မနေရပါဘူး။ ကျွန်တော့်ထက် ကံကောင်းပါတယ်။

ကြီးမားကျယ်ဝန်းတဲ့ ဈေးကြီးတစ်ခုထဲမှာတော့ အသက် ရှစ်ဆယ်လောက်ရှိတဲ့ အဘိုးကြီးတစ်ယောက်ကို ကျွန်တော်တို့အမျိုး 'လက်တွန်းလှည်း'တစ်စီးပေါ်မှာ တွေ့ပါတယ်။ သူ့ကို ငယ်ငယ်ချောချော ကောင်မလေးတစ်ယောက်က တွန်းနေတာဗျ။ ဒီ လက်တွန်းလှည်းကလည်း နေရောင်ခြည်အောက်မှာ စတီးရောင်တွေ တဖိတ်ဖိတ်တောက်ပြီး ကူရှင်တွေ၊ စတီးခုံ ခြေနင်းပြားတွေနဲ့ အပျံစားပါပဲ။

မြက်ခင်းစိမ်းစိမ်းလေးနဲ့ ကောင်မလေး ချောချောကို နေ့တိုင်း တွေ့နေရတာ။ သူလည်း ကျွန်တော်တို့ထက် အကျိုးပေးကောင်းပါတယ်။

နန်းတော်ကြီးလို ကြီးမားတဲ့ သုံးထပ်တိုက်ကြီးရှေ့က ဝင်းထဲမှာတော့ ကျွန်တော်တို့မျိုးရိုး 'လက်တွန်းလှည်းတစ်စီး' တွေ့ပါတယ်။ သူ့ရင်ခွင်ထဲမှာ တစ်နှစ်အရွယ် ကလေးငယ်လေး ထည့်ထားတယ်။ သူ့ နောက်က တွန်းတဲ့သူကတော့ အဲဒီကလေးရဲ့ အမေထင်ပါရဲ့။ ဒီကောင်ကလည်း စတီးကိုယ်ထည်၊ ရောင်စုံ အမိုး၊ အကာတွေနဲ့ သံစုံတီးလုံးမြည်တဲ့ ခလုတ်တွေနဲ့ အဆင့်ခပ်မြင့်မြင့်ပါပဲ။ ကလေးတွေနဲ့ နေရလို့ထင်ပါရဲ့။ သူ့ကြည့်ရတာ အေးအေးဆေးပါပဲ၊

ကျွန်တော်တော့ မရောက်ဖူးပါဘူးဗျာ။ ကျွန်တော့်ဆရာ တစ်ခါက ပြောဖူးတယ်။ "မင်းတို့ လက်တွန်းလှည်းတွေထဲမှာ မမြဲတဲ့ အနိစ္စ သဘောတရားကို သိတာဆိုလို့ မီးသဂြိုဟ်စက်ထဲ လူသေတွေ နေ့တိုင်းသွင်းပေးနေရတဲ့ လက်တွန်းလှည်းတွေပဲရှိတယ်။ ဘယ်လောက်ချမ်းသာတဲ့သူဖြစ်ပါစေ၊ အာဏာရှင်ကြီး ဖြစ်ပါစေ၊ တစ်နေ့ သူ့ကျောပေါ်ကို ရောက်ရတာပဲ။ လူတွေရဲ့ ငိုသံတွေကြားမှာ မီးအပူရှိန်တွေကြားမှာ မညည်းမညူအလုပ်လုပ်နေကြရတာကွ။ ဘယ်တော့မှ ဘဝမမေ့ကြဘူး"တဲ့။ ကျွန်တော့်ဆရာပြောတာပါ။ သူတို့က ကျွန်တော်တို့ထက် တရား၊ ဘာဝနာနဲ့နီးစပ် မြင့်မြတ်ပါတယ်။

( ၄ )

နေရာတစ်ခုရဖို့ ရာထူးတစ်ခုရဖို့ သူများကို တွန်းလှဲပြီး နေရာယူတတ်တဲ့ 'လူ့တွန်းလှဲ'တွေနဲ့ စာရင်တော့ ကျွန်တော်တို့ 'လက်တွန်းလှည်း'တွေက အများကြီးသာပါသေးတယ်။

jrwvi;o

■ ■ ■


ရွှေမန္တလေး
သတင်းဂျာနယ်

၂၀၁၆-ခုနှစ် ၊ နိုဝင်ဘာ (၆)ရက်၊ ၁၃၇၈-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၇)ရက်

**အယ်ဒီတာချုပ်** ■ သိုက်ထွန်းသက်
**တာဝန်ခံအယ်ဒီတာ** ■ ထွန်းဝင်း(မန္တလေး)
**အုပ်ချုပ်ရေးမှူး** ■ နေတိုးဝေ
**ရုံးအဖွဲ့မှူး** ■ စုလှိုင်မြင့်

■ **အယ်ဒီတာအဖွဲ့** ■
နိုင်ငံတကာသတင်းအယ်ဒီတာ – လင်းသစ်
စာပြင်အယ်ဒီတာ – မြင့်မိုးခိုင်
ရန်ကုန်ရုံးခွဲအယ်ဒီတာ – ရန်နောင်စိုး
ဒီဇိုင်းအပြင်အဆင်အယ်ဒီတာ – ကိုဘုန်း

***အယ်ဒီတာအဖွဲ့ – ဖုန်း***
09 - 2010226 , 09 - 91028482

**ကွန်ပျူတာစာစီ** ■ မချောစု

**ကြော်ငြာအဖွဲ့** ■ အိစု၊ သိမ့်သိမ့်
***ဖုန်း -*** 02 - 21212
**Email :** shwemdyjournal@gmail.com

■ **ထုတ်ဝေသူ** ■
ဦးသိန်းဇော်(01025)
ရွှေမန္တလေးသတင်းဂျာနယ်တိုက်
လမ်း ၃၀၊ ၈၀–၈၁ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ဖလင်** ■ King

■ **ပုံနှိပ်** ■
ဦးအောင်နိုင်မိုး
ရွှေနိုင်မိုး–ပုံနှိပ်တိုက် ( မြ –၀၁၃၄၅)
၃၂–၃၃လမ်းကြား၊၈၅–၈၆လမ်းကြား၊မလွန်ကြက်သွန်တန်း၊မန္တလေး။

■ **မန္တလေးဖြန့်ချိရေး** ■
ထွန်းဦး စာပေ
၂၉×၈၄ လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း 02 - 39801
**စောင်ရေ** ■ ၅၀၀


# ဘဝတစ်လျှောက်လုံး မှတ်တမ်းတင်သူ



မော်စ်ဗီလာရီးသည် သူ့ဘဝ တစ်လျှောက်လုံး ဖြစ်စဉ်များကို စဉ်ဆက်မပြတ် မှတ်တမ်းတင်နေသူဖြစ်သည်။ လွန်ခဲ့သည့် ခြောက်နှစ်က စပြီး နေ့စဉ်ဖြစ်ပျက်နေသည့် အသေးစိတ်အချက်အလက်များကို မှတ်တမ်းစာအုပ်၊ ကင်မရာတစ်လုံး၊ ကျန်းမာရေး မှတ်တမ်းတင် ကိရိယာတစ်ခုဖြင့် မှတ်တမ်းတင်နေသည်ဟု နိုဝင်ဘာ ၄ ရက် ဘီဘီစီ သတင်းက ဆိုသည်။

မစ္စတာဗီလာရီးသည် နေ့စဉ် ဓာတ်ပုံ ၁၂၀၀ ရိုက်သည်။ အများစုကတော့ စိတ်ဝင်စားစရာ ကောင်းသည့်ပုံများ မဟုတ်ပေ၊ ဒါဇင်ချီသည့် ကားဘီးလုံးပုံများ၊ ပေါင်မုန့်ချပ်များ၊ ကြက်သွန်ထားသည့် ကြောင်အိမ်တစ်ခုပုံလည်း ပါဝင်သော်လည်း မည်သည့်ပုံပိုမှ ဖျက်ဆီးဖြစ်ခြင်းမရှိပေ။ ၎င်းတို့သည် ဗီလာရီး၏ နေ့စဉ်အစိတ်အပိုင်းထဲတွင် ပါဝင်သည်။"သည်ကိစ္စကို ကျနော်အသက်၄၀ ကျော်ပြီးမှာစလုပ်ခဲ့တာပါ။ ကျနော့်ဘဝကို ပြန်ကြည့်တယ်။ ဘာတွေများ လုပ်ခဲ့သလိုလည်း တွေးမိတယ်။ နောက်နှစ် ၄၀မှာတော့ ကျနော်လုပ်ခဲ့တာတွေနှင့် ပတ်သက်ပြီး ထူးခြားတဲ့ အမြင်တွေရှိနေမှာပါ" ဟု ၎င်းက ဆိုသည်။



# နိုင်ငံခြားရေးမူဝါဒကောင်းပေါ်တွင် ရပ်တည်နေသည့် မြန်မာပြည်

## ဖိုးညဏ်နှင့် ဖိုးမြိုင် ဆွေးနွေးခန်း

-( ဗလလေး ရေးသည် )-




***ဖိုးမြိုင်။*** နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်ကြီးက နိုင်ငံတကာ ခရီးတွေ ထွက်လာပါလား။

***ဖိုးညဏ်။*** ဟုတ်ပါတယ်။အခုလည်း ဂျပန်နိုင်ငံကို ရောက်ရှိနေပါတယ်။

***ဖိုးမြိုင်။*** သည်တစ်ခါတော့ အမေရိကန်ခရီးစဉ်လို ပင်ပန်းတာ မဖြစ်လောက်ပါဘူးနော်။

***ဖိုးညဏ်။*** ဖြစ်နိုင်ချေ နည်းပါတယ်။ ကန်ခရီးစဉ်က ဥရောပခရီးစဉ်နဲ့ တွဲနေတာလည်း ပါတယ်။ ပြီးတော့ နေ့တိုင်းနီးပါး ပြောဆိုဆက်ဆံရတဲ့ ကိစ္စတွေလည်း များခဲ့ပါတယ်။ ဂျပန်ခရီးစဉ်ကတော့ အဲ့လောက်မများဘူး။ ခရီးစဉ်လည်းတိုတောင်းတဲ့အတွက် ကျန်းမာရေး ကောင်းမှာပါ။

***ဖိုးမြိုင်။*** ဂျပန်–မြန်မာ ဆက်ဆံရေး ပိုကောင်းလာတဲ့အတွက် တရုတ်ဘက်က စိုးရိမ်တာတွေလည်း ရှိလာမလား။

***ဖိုးညဏ်။*** ဈေးကွက်စီးပွားပိုင်းမှာတော့ ရှိမှာပါ။ ဘာကြောင့်လဲဆိုတော့ လက်ရှိအစိုးသစ်လက်ထက်မှာ လုပ်ငန်းကြီးတွေ လည်ပတ်တာက ဂျပန်နှင့် ပတ်သက်မှုတွေ ပိုများလာတာကို တွေ့ရတယ်။ ဥပမာ ရန်ကုန်စတော့အိပ်ချိန်းလိုမျိုးပေါ့။ နောက် ဂျပန်လုပ်တဲ့ သီလဝါစက်မှုဇုန်ကလည်း မကြာမီ လည်ပတ်လာတော့မယ်။ အခြား ဂျပန်ကားကုမ္ပဏီကြီး များကလည်း မြန်မာပြည်ထဲကိုခြေချဖို့ ဟန်ပြင်နေပြီဆိုတော့ တရုတ်ဈေးကွက်ကို ပိုလုလာနိုင်တဲ့ အနေအထားမှာရှိပါတယ်။အခြား နိုင်ငံခြားရေးမူဝါဒပိုင်းမှာတော့ မြန်မာကို မစိုးရိမ်လောက်ပါဘူး။

***ဖိုးမြိုင်။*** မြန်မာရဲ့နိုင်ငံခြားရေးမူဝါဒက ယခင်ကတည်းက ကောင်းတယ်မလား။

***ဖိုးညဏ်။*** နိုင်ငံကြီးတွေကြားမှာ ရပ်တည်နေတဲ့ မြန်မာက နိုင်ငံခြားရေး မူဝါဒမကောင်းလို့ မဖြစ်ပါဘူး။ ခေတ်အဆက်ဆက်လည်း ကောင်းခဲ့ပါတယ်။ ဝန်ကြီးချုပ်ဟောင်း ဦးနုလက်ထက်ကဆို မြန်မာက နိုင်ငံတကာရေးရာမှာ အတော် အခရာကျခဲ့ပါတယ်။ ၁၉၅၅က အင်ဒိုမှာ ကျင်းပတဲ့ ဘန်ဒေါင်းညီလာခံမှာလည်း မြန်မာက အရေးပါတဲ့ ကဏ္ဍကပါခဲ့ပါတယ်။ ဘက်မလိုက်နိုင်ငံများ အဖွဲ့ဖြစ်ထွန်းရေးအတွက်လည်း ဦးဆောင်ခဲ့ပါတယ်။

***ဖိုးမြိုင်။*** တရုတ်နဲ့လည်း အဲ့ကတည်းက ဆက်ဆံရေး ကောင်းတယ်မဟုတ်လား။

***ဖိုးညဏ်။*** ကောင်းပါတယ်။ ၁၉၅၃ မြန်မာပြည်ထဲကို ကျူးကျော်လာတဲ့ ကူမင်တန်တွေကို တိုက်တုန်းကလည်း တရုတ်နှင့် အိန္ဒိယဘက်က ထိုက်သင့်တဲ့ ကူညီမှုတွေလည်း ရခဲ့ပါတယ်။အိန္ဒိယဝန်ကြီးချုပ် နေရူးဆိုလည်း မြန်မာပြည်ကို အတော်သံယောဇဉ်ရှိပါတယ်။ ကျုပ်တို့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုလည်း သိပ်ပြီးလေးစားပါတယ်။ သူ့ကြောင့်သာ အခုကျုပ်တို့မြင်နေရတဲ့ ကုတ်အင်္ကျီကောင်းကောင်းနဲ့ ဗိုလ်ချုပ်ပုံကို မြင်နေရတာပါ။

***ဖိုးမြိုင်။*** သူပေးလိုက်တာလား။

***ဖိုးညဏ်။*** ဟုတ်ပါတယ်။ အောင်ဆန်း–အက်တလီစာချုပ်အတွက် အိန္ဒိယဝင်စဉ် ကုတ်အင်္ကျီမကောင်းတဲ့ ဗိုလ်ချုပ်ကို နေရူးက လက်ဆောင်ပေးခဲ့တာပါ။ပြီးတော့ ဦးနုလက်ထက် ပြည်တွင်းစစ်ပွဲ အရှိန်ကောင်းတုန်း ကွန်မြူနစ်တွေက စစ်အင်အားတောင့်တင်းနေတဲ့အချိန်မှာ မြန်မာစစ်တပ်က လက်နက်အင်အား နည်းနေတယ်။ အဲ့ချိန်က မစ္စတာနေရူးက လက်နက်တွေကို သင်္ဘောနှင့် ပို့လိုက်တယ်။ အဲ့လက်နက်တွေနဲ့ ကွန်မြူနစ်တွေကို ပြန်ဆော်နိုင်လို့ ကျုပ်တို့နိုင်ငံ ကွန်မြူနစ်နိုင်ငံ မဖြစ်တာပဲ။ ဒါကြောင့်လည်း ကွန်မြူနစ် ဘိုးအေကြီးများက အဲ့လက်နက် ကိစ္စကို ခုထိ အသည်းနာနေကြတုန်းပါပဲ။

***ဖိုးမြိုင်။*** ဒါနဲ့ တရုတ်–မြန်မာ အတူယှဉ်တွဲ နေထိုင်ရေးမူ ငါးချက်ဆိုတာ ဘာလဲဗျ။

***ဖိုးညဏ်။*** ၁၉၅၄မှာ တရုတ်ဝန်ကြီးချုပ်ချူအင်လိုင်း မြန်မာပြည်ကို ရောက်တယ်။ ဦးနုနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေရေး မူ(၅)ချက်ကို ကြေငြာတယ်။ အချုပ်ကတော့ နိုင်ငံအချင်းချင်း လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်မှုကို လေးစားဖို့၊ တစ်နိုင်ငံ၏ ပိုင်နက်မြေကို လေးစားရေး၊ ပြည်တွင်းရေးဝင်မစွက်ရေး၊ နှစ်ဘက် အကျိုးတူ ပူးပေါင်းရေးနှင့်ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေးပါ။

***ဖိုးမြိုင်။*** ဒါနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စတည်ထောင်တော့ မြန်မာကအရင်ဆုံး ထောက်ခံတယ်ဆိုတာ ဟုတ်လား။

***ဖိုးညဏ်။*** ဟုတ်ပါတယ်။ ၁၉၄၉ခုနှစ် အောက်တိုဘာ၁မှာ မော်စီတုန်းက တရုတ်ပြည်သစ်ကို ကြော်ငြာပါတယ်။ နိုင်ငံတကာမှာ တရားဝင်ဖို့ အခြားနိုင်ငံတွေက ထောက်ခံဖို့လိုလာပါတယ်။အဲ့မှာ ဖဆပလအစိုးရအဖွဲ့က ကနဦးထောက်ခံခဲ့ပါတယ်။ ဒါကိုလည်း တရုတ်က မြန်မာကို ကျေးဇူးတင်ပါတယ်။

***ဖိုးမြိုင်။*** ဒါနဲ့ ဦးနေဝင်းလက်ထက်မှာတော့ တရုတ်–မြန်မာ ဆက်ဆံရေးဆိုးခဲ့တယ် မဟုတ်လား။

***ဖိုးညဏ်။*** ၁၉၆၀နှောင်းပိုင်းမှာ မော်စီတုန်းက ယဉ်ကျေးမှုတော်လှန်ရေး လုပ်တယ်။ မြန်မာအပေါ် သက်ရောက်မှုတွေရှိလာတယ်။ရန်ကုန်မှာ တရုတ်–မြန်မာအဓိကရုဏ်းဖြစ်တယ်။ တရုတ်သံရုံးအရာရှိ ဓားထိုးခံရပြီးသေတယ်။ နောက် တရုတ်က ပဲခူးရိုးမှာ အခြေပျက်ပြီး ပန်ဆန်းဘက်ကိုကူးသွားတဲ့ ကွန်မြူနစ်တွေကို ကျားကန်ပေးလာတယ်။ပီကင်းကနေ ကွန်မြူနစ်တွေကနေ အသံလွှင့်နိုင်တဲ့အထိ ဖြစ်လာတယ်။ ဆိုရရင် အဲ့ကာလက ဗမာပြည်ကွန်မြူနစ်ပါတီ အား အကောင်းဆုံး အခြေအနေဖြစ်အောင် တရုတ်က ထောက်ပံ့ပေးခဲ့တာပဲ။ မြန်မာစစ်တပ်နှင့် ဗကပ တွေတိုက်ပွဲမှာ တရုတ်စစ်သားတွေပါတယ်လို့လည်း ယုံကြည်ကြတယ်။ အဲ့ကာလတွေကတော့ တရုတ်–မြန်မာဆက်ဆံရေးက အတော်လေး ယိုးယွင်းတဲ့ သဘောပါပဲ။

***ဖိုးမြိုင်။*** န၀တ လက်ထက်မှာတော့ ဆက်ဆံရေး ပြန်ကောင်းလာတဲ့ သဘောပေါ့။

***ဖိုးညဏ်။*** ဟုတ်ပါတယ်။ ၁၉၈၀ကျော်မှာ တရုတ်က စီးပွားရေးတံခါး ဆွဲဖွင့်လိုက်တယ်။ကွန်မြူနစ်တွေကို ထောက်ပံ့တာ လျှော့ချပစ်လိုက်တယ်။ စစ်တပ်အစိုးရနှင့် အဆင်ပြေသွားတယ်။ကျန်တာတော့ ခင်ဗျားသိတဲ့အတိုင်းပဲ မြန်မာ့ဒီမိုကရေစီ အရေးနှင့် ပတ်သက်ပြီး တစ်ကမ္ဘာလုံးနီးပါး ပိတ်ဆို့ထားတော့ မြန်မာက နိုင်ငံတကာ ထွက်ပေါက်အဖြစ် တရုတ်ကိုပဲ အဓိကထား မှီခိုလိုက်ရတယ်။ အဲ့ကာလမှာ မြန်မာ့စီးပွားရေးဘယ်လို ဖြစ်သွားသလဲဆိုတော့ ကမ္ဘာသိပဲ။ သည်လို တရုတ်တစ်နိုင်ငံတည်းကို မှီခိုလွန်းရတဲ့ အခြေအနေကို လွန်မြောက်အောင် မြန်မာစစ်တပ်ခေါင်းဆောင်တွေကလည်း လုပ်ချင်လာတယ်။ ဒါကြောင့်လည်း ဒီမိုကရေစီတံခါးကို ဆွဲဖွင့်ပြီး အနောက်အုပ်စုနှင့် ပလဲနံသင့်လုပ်ခဲ့တာပဲ။

***ဖိုးမြိုင်။*** အခုဆို လူထုခေါင်းဆောင်က တရုတ်၊ ဗြိတိန်၊ အိန္ဒိယ၊ အမေရိကန်၊ ဂျပန်လို ထိပ်သီးနိုင်ငံတွေသွားနေတဲ့အတွက် ထိပ်တိုက်တွေ့ဆုံမှုတွေများ ဖြစ်လာနိုင်သလား။

***ဖိုးညဏ်။*** မဖြစ်ပါဘူး။မဖြစ်ချင်လို့လည်း သည်လို အရှေ့–အနောက်နိုင်ငံတကာ ခရီးစဉ်တွေကို ဒေါ်အောင်ဆန်းစုကြည်က သွားနေတာပါ။ စစ်ရေးမှာလည်း မြန်မာစစ်တပ်ရဲ့ မိတ်ဆွေဟောင်း ရုရှားနှင့်လည်း အဆင်ပြေအောင် လုပ်ထားတာ ခင်ဗျား သိတဲ့အတိုင်းပါပဲ။ ပြီးတော့ အမေရိကန်နှင့် စစ်ရေးပတ်သက်မှုဆိုတာလည်း ဟိုး မဆလ ခေတ်ကတည်းက ရှိခဲ့တာပါ။ ကန်ထိပ်သီး စစ်တက္ကသိုလ်တွေကို မြန်မာစစ်တပ်အရာရှိတွေ တက်ခဲ့ကြပါတယ်။ ကျုပ်တို့ မန်းတိုင်းမှူးဟောင်း ဦးထွန်းကြည်က အမေရိကန်စစ်တပ်မှာ အမြောက်ပစ် နည်းကို စနစ်တကျ လေ့လာဖူးတဲ့သူပါပဲ။

***ဖိုးမြိုင်။*** တရုတ်–မြန်မာ စစ်ရေးဆက်စပ်မှုတော့ သိပ်မတွေ့ရသလိုပဲ။

***ဖိုးညဏ်။*** မြန်မာ့တပ်မတော်ဖွဲ့ဖို့အတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်လှမြိုင်က တရုတ်ဆီ အရင်သွားတာပါ။ ဒါပေမဲ့ ဖြစ်ချင်တော့ ဂျပန်ဆီ ရောက်သွားပါတယ်။ သည်တော့ ဂျပန်ရဲ့စစ်ရေး လေ့ကျင့်မှုနဲ့ မြန်မာ့တပ်မတော် စခဲ့တယ်လို့ ဆိုရမှာပဲ။ န၀တခေတ်မှာ မြန်မာက အနောက်နိုင်ငံက လက်နက်ဝယ်ခွင့် မရှိတော့ တရုတ်နှင့် ရုရှားဆီကပဲ လက်နက်ဝယ်ရမယ့် အခြေအနေရှိပါတယ်။ သည်တော့ လက်ရှိမြန်မာ့ တပ်မတော် လက်နက်ပိုင်းမှာတော့ တရုတ်နှင့် ရုရှားထုတ်တွေ များမယ်ထင်ပါတယ်။

***ဖိုးမြိုင်။*** ဒါနဲ့ ယခင်စစ်တပ်ရဲ့ နာမည်ကျော် ဂျီ ၃ သေနတ်က တရုတ်ကလား။

***ဖိုးညဏ်။*** မဟုတ်ပါဘူး။ ဂျာမနီကပါ။

***ဖိုးမြိုင်။*** အော် မြန်မာစစ်တပ်က ဂျာမနီနှင့် ဆက်ဆံရေး ကောင်းသားပဲ။

***ဖိုးညဏ်။*** ကောင်းပါတယ်။ အစ္စရေးနှင့် ကောင်းပါတယ်။ အိန္ဒိယရဲ့ရန်သူ ပါကစ္စတန်နှင့်လည်း ကောင်းပါတယ်။

***ဖိုးမြိုင်။*** မြန်မာ့နိုင်ငံခြားရေး ပေါ်လစီက ကောင်းတယ်လို့ ဆိုချင်တာလား။

***ဖိုးညဏ်။*** ကောင်းပါတယ်။ အခုလို ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်တဲ့ အစိုးရခေတ်မှာ ပိုပြီးကောင်းလာမှာပါ။ဒါပေမဲ့ သတိရှိရှိနဲ့ ဆက်ဆံဖို့ လိုတာပေါ့။ ဘယ်လောက်ကောင်းတယ် ပြောပြောပဲ ။ ထိပ်သီးနိုင်ငံတွေရဲ့ ခံယူချက်က "ငါ့လက်ထဲက ပေါင်မုန့်က ငါ့အတွက်"ပဲလို့ ယူဆတာ များပါတယ်။အခုဆို နိုင်ငံတကာ အကူအညီတွေပေးမယ်လို့ တဖွဲဖွဲပြောနေကြပါတယ်။ဂျပန်ကလည်း ဒေါ်လာ ခုနစ်ဘီလီယံကျော် ငါးနှစ်အတွင်း ကူညီမယ်။ အနောက်အုပ်စုကလည်း ကူညီမယ်လို့ ပြောထားတာတွေ ရှိပါတယ်။ သည်တော့ မြန်မာ့နိုင်ငံခြားရေး မူဝါဒကောင်းပေမယ့် တိုင်းပြည်တိုးတက်ဖို့အတွက် သူတို့နဲ့ ဆက်ဆံတဲ့အခါ နည်းလမ်းကောင်းတွေရှိဖို့ လိုပါတယ်။ အပျိုဖြန်းလေးကို လိုချင်သူတွေများတာ သဘာဝပါ။ ချင့်ချင့်ချိန်ချိန် သွားလာနေထိုင်မှ တော်ရာကျမှာပါ။

**ဗလလေး ရေးသည်။**

■ ■ ■

# ခုတော့ ဒဏ္ဍာရီဆန်နေပြီ ဧရာဝတီ

စိုင်း(မန်း)



ဧရာဝတီဟာ ဗမာပြည်ရဲ့ သမိုင်းနဲ့အတူ သက် တမ်းရှည်ကြာရှိခဲ့တာပါ။ ဒီလို ရှည်လျား လှတဲ့ သက်တမ်းအတွင်းမှာပဲ သဘာဝကပေးတဲ့ ပယောဂကြောင့်ရော၊ လူသားတွေက မဆင်မခြင်ပြု ခဲ့တဲ့ ဒဏ်ရာဒဏ်ချက်တွေကြောင့်ပါ နာတာရှည် ရောဂါသည် တစ်ယောက်လို ဖြစ်နေရပါပြီ။ အထူး သဖြင့် မှေမှေလျော့လျော့ ပေါ့ပေါ့ဆဆ ထိန်းသိမ်း စောင့်ရှောက်မှုကင်းစွာနဲ့ အမေ့ခံပုဂ္ဂိုလ်ဖြစ်နေရ တာပါပဲ။ ဒါကြောင့်လည်း ဧရာဝတီဟာ သူ့ရဲ့ အင်္ဂါအစိတ်အပိုင်းတွေ ပွန်းပဲ့ပြတ်တောက် ဆုံးပါး လွင့်ပြယ်ခဲ့တာတွေ များလှပါပြီ။ ဒီအများစုထဲက ကျွန်တော်ရင်းနှီးကျွမ်းဝင်ခဲ့တဲ့ ကျွန်တော့်ရဲ့ဦးနှောက် နဲ့ နှလုံးသားထဲမှာပဲ ကျန်ရစ်ပြီး အပြင်မှာ နောင်လာ နောက်သားတွေ ဘယ်တော့မှမတွေ့မမြင်နိုင်တော့ဘဲ ပုံပြင်ဆန်ဆန် ဒဏ္ဍာရီအလားဖြစ်သွားတဲ့ ဧရာဝတီ ရဲ့ ပုံရိပ်တစ်ပိုင်းတစ်စအကြောင်း ပြောပြချင်တာပါ။

ကျွန်တော်ဟာ ဧရာဝတီရဲ့ လက်တက်တစ်ခု ဖြစ်တဲ့ သရက်တစ်ပင်ချောင်းရဲ့ဘေး၊ ဧရာဝတီမြစ် မကြီးနဲ့လည်း မလှမ်းမကမ်းမှာရှိတဲ့ ကျောက်သပိတ် ရပ်၊ သပြေပင်ဆိပ်အနီးမှာ မွေးဖွားကြီးပြင်းခဲ့တာပါ။ သပြေပင်ဆိပ်ဆိုတာ ဧရာဝတီမြစ်ကြီးနဲ့ သက်တမ်း တူလောက်ဖြစ်မယ်။ (လူကြီးငါးယောက်လောက် လက်ချင်းချိတ်ဆက်မှ မီလောက်တဲ့)ရောမ ပင်စည် ကြီးရှိတဲ့ သပြေပင်ကြီးကို အမှီပြုပြီး အမည်ပေး ထားတာပါ။ ဒီသပြေပင်ကြီးနဲ့အတူ ရောမ မယ်ဇယ် ပင်ကြီးလည်း ယှဉ်တွဲပေါက်နေပါသေးတယ်။ သက်တမ်းတူတွေ ဖြစ်နိုင်ပါတယ်။

ဝါဆိုဝါခေါင်မြစ်ရေတက်ချိန်မှာ အရိပ်အာဝါသ ကောင်းလှတဲ့ ဒီအပင်ကြီးတွေရဲ့အောက်မှာ အညာ ကုန်တွေ အပြည့်တင်ဆောင်လာကြတဲ့ အညာဆန် ဈေးလှေကြီးတွေ ဆိုက်ကပ်လာလေ့ ရှိပါတယ်။ ဒီဈေးလှေကြီးတွေပေါ်မှာ ပဲမျိုးစုံ၊ မြေပဲ၊ ပြောင်း၊ စပါး၊ ပြောင်းဖူးဖက်၊ ဆေးရွက်ကြီး၊ ဆေးရိုးစတဲ့ လယ်ယာကိုင်းကျွန်း ထွက်ကုန်တွေ အများအပြား တင်ဆောင်လာလေ့ရှိပါတယ်။ တစ်ခါတလေလည်း စပါးတွေချည်း သီးသန့်သယ်ဆောင်လာတဲ့ စပါး လှေကြီးတွေလည်း ဆိုက်ကပ်လာတတ်ပါတယ်။ အဲဒီအချိန်တုန်းက ကျွန်တော်တို့ ၁၉လမ်း၊ တစ် လျှောက်မှာ ဆန်စက်၊ ဆီစက်ကြီးတွေ အများအပြား ရှိကြပါတယ်။ ကျွန်တော်မှတ်မိသလောက် ဖဝန ဆန်စက်၊ ရွှေပြည်ညွှန့်ဆီစက်၊ ဘုရင်ဆန်စက်၊ ဓနပလဆန်နှင့် ဆီစက် စသည်ဖြင့် ရှိနေကြတာပါ။

အညာဆန်ဈေးလှေကြီးတွေမှာပါတဲ့ စပါးတွေ၊ မြေပဲတွေကို အဲဒီဆန်စက် ဆီစက်ကြီးတွေမှာ ကြိတ်ခွဲရောင်းချကြတာပါ။ တခြားကုန်တွေကိုလည်း နွားလှည်းတွေနဲ့တင်ပြီး ပွဲရုံတွေ၊ ဈေးချိုမှာ သွား ရောက် ရောင်းချကြပါတယ်။ အပြန်မှာ သူတို့လိုတဲ့ ငါးပိ၊ ငါးခြောက်၊ အဝတ်အထည်၊ လူသုံးကုန်တွေ ဝယ်ခြမ်းပြီး အဲဒီလှည်းတွေနဲ့ပဲ ပြန်တင်ခဲ့ကြပါတယ်။ အားလုံး ရောင်းရေး၊ ဝယ်ရေးကိစ္စတွေပြီးရင်တော့ ဈေးလှေကြီးတွေ အညာကို ပြန်ဆန်သွားကြမြဲပါ။

ဒီဈေးလှေကြီးတွေလာရင် ကျွန်တော်တို့ ကလေးသူငယ်တွေ အလွန်ပျော်ရွှင်ကြပါတယ်။ လှည်းတွေ အစီအရီနဲ့ ကုန်တင်ကြချကြတာ၊ စည်ကားသိုက်မြိုက်လှပါတယ်။ ရောင်းကြဝယ်ကြနဲ့ ဧရာဝတီကို အမှီပြုပြီး စားဝတ်နေရေး ဖြေရှင်းနေ ကြတဲ့ မမေ့နိုင်စရာမြင်ကွင်းတွေပါ။ မြန်မာဆန်ပြီး ချစ်စရာကောင်းတဲ့ အလေ့အထလေးတွေ ခုချိန်မှာ တော့ လုံးဝပျောက်ကွယ်သွားပါပြီ။

ဒီသပြေပင်ဆိပ်ဟာ အညာဆန်ဈေးလှေကြီး တွေအတွက် ဆိပ်ကမ်းကောင်းဖြစ်ခဲ့သလို သစ်လုံး ကြီးတွေ အတင်အချလုပ်တဲ့ သစ်ဆိပ်ကောင်းတစ်ခု လည်း ဖြစ်ခဲ့ဖူးပါတယ်။ ဝါဆိုဝါခေါင် မြစ်ရေတက် ချိန်မှာ သစ်ဖောင် ဝါးဖောင်တွေ အမြောက်အများ သပြေပင်ဆိပ်မှာ ဝင်ရောက်လာတတ်ကြပါတယ်။ ဒီသစ်လုံးတွေကို သစ်လုံးတင်ကားကြီးတွေပေါ် ရောက်အောင် သစ်တင် ကျွဲရှဉ်းကြီးတွေနဲ့ ရှေ့ကဆွဲ နောက်ကတွန်းပြီး တင်ကြရတာပါ။ အားကောင်း၊ မောင်းသန် အလွန်ပါးနပ်လိမ္မာတဲ့ ကျွဲကြီးတွေပါပဲ။ ကျွဲလှည်းကြီးတွေနဲ့လည်း သစ်လုံးတွေကို တင်ကြ ပါသေးတယ်။

ဒီလို ကျွဲလှည်းကြီးတွေနဲ့ သစ်လုံးတင်နေကြ တဲ့ မြင်ကွင်းမျိုးကို မြန်မာ့ ပန်းချီ၊ ပန်းပု၊ ဓာတ်ပုံ ပညာရှင်တွေ အလွန်နှစ်သက် သဘောကျကြပါ တယ်။ မြန်မာပညာရှင်များသာမက ကမ္ဘာလှည့် ခရီးသွားတွေလည်း တအံ့တသြနဲ့ သဘောကျနှစ် ခြိုက်ကြတာပါပဲ။ ဒီမြင်ကွင်းအလှတွေကနေ ကမ္ဘာ ကျော် အနုပညာလက်ရာမြောက် ပန်းချီ၊ ပန်းပု၊ ဓာတ်ပုံတွေ အမြောက်အများ ပေါ်ထွက်ခဲ့ဖူးပါတယ်။ အခုတော့ အဲဒီမှတ်တမ်းမှတ်ရာတွေပဲရှိတော့မှာပါ။

ဒီသစ်ဆိပ်ကို အမှီပြုပြီး ဧရာဝတီမြစ်ကမ်း တစ်ဝိုက်မှာ သစ်စက်ကြီးတွေလည်း ရှိခဲ့ကြတာပါ။ ဒေါင်းမင်း၊ နန္ဒဝံ၊ ရွှေလှေ၊ ပလိုင်း စသည်ဖြင့် စုံလို့ပါပဲ၊ အခုတော့ သစ်ဆိပ်လည်းပျောက်၊ သစ်စက် တွေလည်း ပျောက်ကုန်ကြပါပြီ။ ကျွဲရှဉ်းတွေနဲ့ သစ်တင်တဲ့မြင်ကွင်းအလှတွေလည်း မြင်တွေ့ခွင့်မရ ကြတော့ပါ။ အထူးသဖြင့် သစ်လုပ်ငန်းနဲ့ သစ်စက် တွေကို အမှီပြုနေကြရတဲ့ အလုပ်သမားတွေရဲ့ စားဝတ်နေရေးဘဝ၊ လူနေမှုဘဝတွေလည်း ပြောင်း လဲကုန်ကြရတော့တာပါပဲ။

ကျွန်တော်တို့ ငယ်ငယ်တုန်းက အော်ဆိုခဲ့ဖူး တဲ့ "ဝါဆိုဝါခေါင် ရေတွေကြီးလို့ သပြေသီးမှည့် ကောက်စို့ကွယ်"ဆိုတဲ့ ကဗျာအတိုင်း ဒီသပြေပင် ဆိပ်က သပြေပင်ကြီးအောက်မှာ ကျောင်းသွား ကျောင်းပြန် သပြေသီးမှည့်တွေ အချင်းချင်း လုကောက်ပြီး တပျော်တပါးစားခဲ့ကြဖူးပါတယ်။ ကျောင်းလွယ်အိတ်လေးတွေ ကိုယ်စီလွယ်ရင်း ပျော်ရွှင်ခဲ့ကြဖူးတဲ့ အပျော်နေ့လေးတွေပါ။

အခုတော့ ကျွန်တော်တင်ပြခဲ့တဲ့ အဖြစ်အပျက် တွေ၊ မြင်ကွင်းတွေ အားလုံး ကြက်ပျောက် ငှက် ပျောက် ပျောက်ကုန်ကြပါပြီ။ သပြေပင်ဆိပ်လို့ အမည်တွင်ခဲ့တဲ့ သပြေပင်ကြီးလည်း မရှိတော့ပါ။ သူနဲ့အတူ ယှဉ်တွဲနေခဲ့တဲ့ မယ်ဇယ်ပင်ကြီးလည်း ပျောက်ကွယ်သွားခဲ့ရပါပြီ။ ကျွန်တော်တို့ ငယ်စဉ်က ထန်းသီးလုကောက်ခဲ့ကြရတဲ့ ထန်းပင်ကြီးတွေလည်း ဘဝတစ်ပါး ပြောင်းသွားကြပါပြီ။ သပြေပင်ဆိပ်မှာ လည်း ဧရာဝတီမြစ်ရေတွေလုံးဝမဝင်တော့ဘဲ အမှိုက် ပုံဘဝသို့ လုံးဝကျရောက်ပြောင်းလဲသွားခဲ့ရပါပြီ။

ဒီအမှိုက်ပုံကြီးကြောင့်ပဲ ဧရာဝတီမြစ်ကြီးနဲ့ အမျှ သက်တမ်းရှည်ကြာခဲ့ကြတဲ့ သပြေပင်ကြီးနဲ့ မယ်ဇယ်ပင်ကြီးလည်း ခြောက်သွေ့သေဆုံးသွားခဲ့ ကြရပါပြီ။ အထူးသဖြင့် အလွန်အသက်ပြင်းပြီး အကြမ်းခံနိုင်လွန်းတဲ့ ထန်းပင်တွေတောင် ခြောက်

--- စ၁ - ၁၉ သို့ ---







## မသင်္ကာသူအားစစ်ဆေး လက်ကိုင်ဖုန်းလုမှု ပေါ်ပေါက်

မန္တလေးတိုင်းဒေသကြီး ရဲအကူတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၃၁ရက် မွန်းလွဲ ၁၂နာရီခွဲက နယ်မြေအတွင်း သတင်းစုံစမ်းနေစဉ် ပုသိမ်ကြီးမြို့နယ်၊ ကံကြီးကုန်းကျေးရွာတွင် ဖုန်း လုယူတတ်သည်ဟု သတင်းရရှိသည့် မင်းသူအောင် (ခ)မင်းကြီး၊ ၂၉နှစ်၊ သံလျက်မော်အနောက်ရပ် ကွက်၊ မဟာအောင်မြေမြို့နယ်အား စစ်မေးရာ အောက်တိုဘာ ၃၀ရက် ညနေ ၃နာရီက ပုသိမ်ကြီး မြို့နယ်၊ ကံကြီးကုန်းကျေးရွာ၊ ၄၉လမ်းအနီး အမည်မသိအမျိုးသားတစ်ဦး၏ လက်တွင်ကိုင်ထား သည့် ဆမ်ဆောင်းလက်ကိုင်ဖုန်းတစ်လုံးအား လုယူခဲ့ကြောင်း သိရသဖြင့် သက်သေခံပစ္စည်းအား သိမ်းဆည်းပြီး မင်းသူအောင်(ခ)မင်းကြီးအား အုန်းချောနယ်မြေ ရဲစခန်းက (ပ)၁၅၂/၂၀၁၆ ရာဇသတ်ကြီးပုဒ်မ ၃၈၂ /၅၄အရ အမှုဖွင့်ဖမ်းဆီး စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **THKK**

## ကျုံးဘေးတွင် ထိုင်စကားပြောနေသော လူငယ်များအား ဓားရှည်ဖြင့် ခြိမ်းခြောက်ပြီး ဖုန်းများလုယူ

နိုဝင်ဘာ ၁ရက် နံနက် ၄နာရီ ၄၅မိနစ်က ကောင်းစည်သူ ၁၈နှစ် ဥပဒေပထမနှစ်ကျောင်းသား မဟာအောင်မြေမြို့နယ်နေသူသည် သူငယ်ချင်း ဝေယံဟိန်း၊ ဆွေဝင်းမောင်တို့နှင့်အတူ ကျုံးဘေး ပလက်ဖောင်းတွင် လမ်းလျှောက်ပြီး ၂၆လမ်းနှင့် ၆၈လမ်းထောင့် ကျုံးဘေးပလက်ဖောင်း၌ထိုင်၍ စကားပြောနေကြစဉ် အမည်မသိ(လူမြင်မှတ်မိ) လူငယ်နှစ်ဦးရောက်ရှိလာပြီး အရှည် ၁၈လက်မခန့် ရှိ ဝှက်ယူလာသော ဓားရှည်ဖြင့် ဆွေဝင်းမောင် အား ခုတ်ရာ ရှောင်လိုက်၍ မခုတ်မိသော်လည်း ကောင်းစည်သူ၌ ပါရှိလာသော I Phone 6 ခဲရောင်နှင့် Samsung A3 ရွှေအိုရောင်ဖုန်း နှစ်လုံးအား ဓားဖြင့် ခြိမ်းခြောက်လုယူသွားသဖြင့် အော်ဟစ်အကူအညီ တောင်းရာ ၄င်းလူငယ် နှစ်ဦးမှာ ၆၈လမ်းအတိုင်း ထွက်ပြေးသွားသဖြင့် ကောင်းစည်သူက တိုင်တန်း၍ အမှတ်(၂)နယ်မြေ ရဲစခန်းက (ပ)၁၉၃/၂၀၁၆၊ ရာဇ သတ်ကြီးပုဒ်မ–၃၉၂အရ အမှုဖွင့်ပြီး တရားခံဖော်ထုတ်ဖမ်းဆီး ရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **KMT**

## ဆိုင်ကယ်စီးအမျိုးသမီးထံမှ ရွှေဆွဲကြိုး လုယူမှုဖြစ်ပွား

မန္တလေး ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံး ရပ်ကွက်နေထိုင်သူ ရှမ်းမလေးထမင်းဆိုင်လုပ်သား ဒေါ်အေးအေးမြင့် ၄၅နှစ်သည် အောက်တိုဘာ ၂၄ရက် နံနက် ၅နာရီခွဲက နေအိမ်မှ ဆိုင်ကယ် ဖြင့် အလုပ်ရှိရာ ၆၇လမ်းနှင့် ၆၈လမ်းကြား၊ လမ်း ၃၀ရှိ ထမင်းဆိုင်သို့ ၆၂လမ်းအတိုင်း တောင်မှ မြောက်သို့ တစ်ဦးတည်းမောင်းနှင်လာခဲ့ရာ ၆၂ လမ်း၊ နဒီမြန်မာဟိုတယ်ရှေ့အရောက် ၄င်း၏ နောက်မှ လူငယ်နှစ်ဦးစီးနင်းလာသော CLICK ဆိုင်ကယ်မှာ အနားသို့ရောက်ရှိလာပြီး ဒေါ်အေး အေးမြင့်လည်ပင်းတွင် ဆွဲထားသော ရွှေဆွဲကြိုး တစ်ကုံး(တန်ဖိုး–၁၃သိန်းကျပ်ခန့်)အား လုယူ ခဲ့ရာ ပြန်လည်လုယူခဲ့သဖြင့် လက်ထဲတွင် ခုနစ် လက်မခန့် ပြတ်ကျခဲ့သဖြင့် နိုဝင်ဘာ ၁ရက်တွင် ဒေါ်အေးအေးမြင့်က တိုင်တန်း၍ မဟာအောင်မြေ မြို့မရဲစခန်းက (ပ)၆၀၄/၂၀၁၆ ရာဇသတ်ကြီးပုဒ်မ –၃၈၂အရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိ ကြောင်းသိရသည်။ **KMT**

## မသင်္ကာ၍စစ်ဆေး ဆိုင်ကယ်ခိုးမှုပေါ်ပေါက်

မန္တလေးခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ သည် အောက်တိုဘာ ၃၁ရက် နံနက် ၁၀နာရီခွဲ က နယ်မြေအတွင်း သတင်းစုံစမ်းနေစဉ် အောင်မြေ သာစံမြို့နယ်၊ ၈၁လမ်း၊ ၁၄လမ်းနှင့် ၁၅လမ်းကြား တွင် မသင်္ကာဖွယ်တွေ့ရှိသူ အောင်နိုင်ဦး(ခ)အာဒံ အား စစ်မေးရာ ၄င်းသည် မော်စီတုံးနှင့်အတူ လွန်ခဲ့သည့် နှစ်လခန့်က ချမ်းအေးသာစံမြို့နယ်၊ ၂၈လမ်းနှင့် ၅၉လမ်းထောင့်တွင် ရပ်ထားသော နယူးအမ်ဘို၊ CZI-125 ဆိုင်ကယ်အား ခိုးယူခဲ့ ကြောင်းသိရသဖြင့် သက်သေခံဆိုင်ကယ်အား သိမ်း ဆည်းပြီး ချမ်းအေးသာစံမြို့နယ် အမှတ်(၃)နယ်မြေ ရဲစခန်းက (ပ)၅၂၃/၂၀၁၆ ရာဇသတ်ကြီးပုဒ်မ ၃၇၉/၅၄ အရ အမှုဖွင့် စစ်ဆေးလျက် ရှိကြောင်း သိရသည်။ **KMT**

--- စ၁ - ၁၈ မှအဆက် ---

သွေ့ သေဆုံးကုန်ကြရတာပါ။ ကျွန်တော် ငယ်စဉ် က မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့ရတဲ့ ဖြစ်စဉ်တွေ အခု ချိန်မှာ လုံးဝမြင်တွေ့ခွင့် မရနိုင်ကြတော့ပါ။ ပြန်ပြော ပြရတာ ဒဏ္ဍာရီဆန်လှပါပြီ။

ဒါတွေအားလုံးဟာ ရှေ့ပိုင်းမှာ ကျွန်တော် အစပျိုးခဲ့သလို သဘာဝတရားကြီးရဲ့ ပယောဂနဲ့ မကင်းသလို လူသားတွေရဲ့ ဝိသမလောဘစိတ်နဲ့ အဆင်ခြင်မဲ့ပြုလုပ်ခဲ့ကြတဲ့ ဒဏ်ရာဒဏ်ချက်တွေ ကြောင့်ပါပဲ။ မေ့မေ့လျော့လျော့နဲ့ မပြုပြင် မထိန်း သိမ်းဘဲ မျက်ကွယ်ပြုခဲ့ကြတဲ့ အကြောင်းတရား တွေလည်း အဓိကနေရာမှာ ရှိနေပါတယ်။

ဒီလို ဖြစ်စဉ်မျိုးတွေ ဧရာဝတီတစ်နံတစ်လျား အမြောက်အများရှိနေကြပါလိမ့်မယ်။ ကျွန်တော် အခုတင်ပြခဲ့သလို ကိုယ်စီကိုယ်င ကြုံတွေ့ခဲ့ကြတဲ့ ဖြစ်စဉ်တွေ၊ ဧရာဝတီပုံပြင်တွေ စုပေါင်းလိုက်ရင် နာမကျန်းဖြစ်နေတဲ့ ဧရာဝတီရဲ့ အင်္ဂါမစုံတော့တဲ့ မြင်ကွင်းကို အထင်းသားတွေ့မြင်နိုင်ကြပါလိမ့်မယ်။

ဒီလို အခြေအနေမျိုးရောက်နေတာတောင် ဧရာဝတီမြစ်ရဲ့ ဦးခေါင်းပိုင်း မြစ်ဆုံမှာ ရေကာတာ တွေတည်ဆောက်ပြီး ရေအားလျှပ်စစ်ကို ဝယ်မယ့် စီမံကိန်းတွေ အကောင်အထည်ဖော်ကြဖို့ သခွတ်ပင် က မီးတကျည်ကျည်ဖြစ်နေကြတာ စိတ်ပျက်ဖွယ် တွေ့မြင်ကြားသိနေရပါတယ်။ ဧရာဝတီအသက်နဲ့ ကိုယ် အိုးစားကွဲသွားပါလိမ့်မယ်။ နာတာရှည်ဘဝက အသက်ဇီဝိန်ကြွေကျသွားပါလိမ့်မယ်။ သက်မဲ့ ဧရာဝတီ၊ မြစ်သေဧရာဝတီဖြစ်မယ့်ကိန်း ဆိုက် သွားပါလိမ့်မယ်။ ဧရာဝတီသေရင် မြန်မာသမိုင်း လည်း သေပါလိမ့်မယ်။

ဝိုင်းဝန်းကာကွယ် ကယ်တင်ကြဖို့ ကျွန်တော် တို့ အားလုံးမှာ တာဝန်ရှိနေပါတယ်။ အချိန်မီ ကုစားကာကွယ် ကယ်တင်ကြမယ်ဆိုရင် ဧရာဝတီ ဟာ ကမ္ဘာတည်သရွေ့ ထာဝစဉ်ရှင်သန်စီးဆင်း နေလိမ့်မယ်လို့ မမိုတ်မသုန် ယုံကြည်မိပါတယ်။ ဒါဆိုရင် မြန်မာပြည်လည်း ကမ္ဘာတည်သရွေ့ပဲပေါ့။

ကျွန်တော်တို့အားလုံး လက်တွဲညီညီ ဧရာဝတီ အရေး ကြိုးပမ်းအားထုတ်ကြပါစို့လား ...

pi;(re;)

## လမ်းဖြတ်ကူးသူ အဘိုးအို ဆိုင်ကယ်တိုက်၍ သေဆုံး

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ လမ်း ၈၀၊ ၁၉–၂၀ ကြားတွင် အောက်တိုဘာ ၂၉ ရက် နံနက် ၅နာရီခွဲက တောင်မှ မြောက်သို့ ကျော်မျိုးဝင်း၊ ၂၃နှစ် ၊ ပွဲရုံလုပ်သား၊ လမ်း ၃၀၊ ၇၈×၇၉လမ်း ကြား၊ ချမ်းအေးသာစံမြို့နယ်နေသူ မောင်းနှင် လာသော နံပါတ်ပါ စူပါကပ်ခဲရောင်ဆိုင်ကယ်သည် ၄င်းရှေ့ လမ်းဖြတ်ကူးသူ ဦးကြည်လွင် ၈၁နှစ်၊ မေဃဂီရိရပ်ကွက်၊ အောင်မြေသာစံမြို့နယ်နေသူ အား ဝင်ရောက်တိုက်မိခဲ့ရာ ဦးကြည်လွင်၏ ဦးခေါင်း နောက် စေ့ပေါက်ပြဲ၊ ဝဲ/ယာ လက်ပွန်းပဲ့ဒဏ်ရာ ရရှိပြီး မန္တလေးဆေးရုံကြီးသို့ တင်ပို့ကုသစဉ် ရရှိ ဒဏ်ရာဖြင့် သေဆုံးသွားခဲ့သဖြင့် သက်ဆိုင်ရာ ရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။ **KMT**

## ဓားဖြင့်ချိန်၍ ဖုန်းလုယူသွားသူများအား ဖော်ထုတ် ဖမ်းဆီး

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမရ ဌာနီအနောက်ရပ်ကွက်နေ ဦးဇော်ထူးသည် အောက် တိုဘာ ၂၃ရက် ည ၁၁နာရီက မန္တလေးတောင်ခြေ မှ လျှပ်စစ်မီးကြေးများကောက်ခံပြီး နေအိမ်သို့ ဆိုင်ကယ်ဖြင့်ပြန်လာရာ ဥပုသ်တော်ရပ်ကွက်၊ ၁၂ လမ်း၊ ၇၄လမ်းနှင့် ၇၅လမ်းကြား အရောက်နောက်မှ လူငယ်နှစ်ဦး လိုက်ပါစီးနင်းလာသည့် ဆိုင်ကယ်မှာ ၄င်း၏ဆိုင်ကယ်ရှေ့မှ ပိတ်ရပ်ကာ အသင့်ပါလာ သော ဓားဖြင့်ချိန်၍ ပါလာသမျှငွေပေးရန် ခြိမ်း ခြောက်တောင်းခံသဖြင့် ငွေမပါကြောင်း ပြန်လည် ပြောဆိုခဲ့ရာ ၄င်းထံမှ ၀၉ ---- နှင့် ၀၉ ---- နံပါတ်နှစ်ခုပါ ဟွာဝေးအဖြူရောင် လက်ကိုင် ဖုန်း တစ်လုံးအား ယူဆောင်သွားပြီး ၁၂လမ်းအတိုင်း အရှေ့ဘက်သို့ မောင်းနှင်ထွက်ပြေးသွား၍ ဖြစ်စဉ် အား အမှတ်(၂)နယ်မြေရဲစခန်းသို့ အကြောင်းကြား ခဲ့သည်။

အောက်တိုဘာ ၃၀ရက်တွင် ဦးဇော်ထူး၏ သမီးက လုယူခံရသည့် ဖုန်းနံပါတ်အား ဆက် သွယ်၍ ငွေကျပ် ငါးသိန်းပေးမည် အောင်မြေသာစံ မြို့နယ်၊ ၁၂လမ်းနှင့် လမ်း ၈၀ ထောင့်ရှိ ဆေးခန်း ရှေ့သို့ လာရောက်လဲ၍ ယူဆောင်ရန် ပြောဆို ခဲ့ပြီး ဦးဇော်ထူးသည် အမှတ်(၄)နယ်မြေရဲစခန်းမှ လှည့်ကင်းဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များနှင့် အတူ အဆိုပါနေရာသို့ သွားရောက်စောင့်ဆိုင်း နေစဉ် ည ၉နာရီခွဲတွင် ၄င်း၏ဖုန်းအား လုယူခဲ့သူ လူငယ်နှစ်ဦး ရောက်ရှိလာ၍ ထိန်းသိမ်းထားရှိကာ အမှတ်(၂)နယ်မြေ ရဲစခန်းကို ဆက်သွယ်အကြောင်း ကြားခဲ့ရာ အမှတ် (၂)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင် များရောက်ရှိလာခဲ့ပြီး ရဲစခန်းသို့ ခေါ်ယူစစ်ဆေးရာ မင်းထက်နှင့် ဟန်လင်းအောင်တို့ဖြစ်ကြကြောင်း သိရသဖြင့် ၄င်းတို့ထံမှ အရိုး၊ အသွား ၂၀လက်မ ခန့်ရှိ ဓားတစ်ချောင်း၊ လက်ကိုင်ဖုန်း သုံးလုံး၊ လုယူ ရာတွင် အသုံးပြုသည့် ၄၃ယ/----- CZI-125 အနက်ရောင်ဆိုင်ကယ်နှင့် အတူ သိမ်းဆည်းရမိပြီး မင်းထက်နှင့်ဟန်လင်းအောင်တို့ နှစ်ဦးအား အမှတ် (၂)နယ်မြေရဲစခန်းက (ပ)၁၉၂/၂၀၁၆ ရာဇသတ် ကြီး ပုဒ်မ ၃၈၂အရ အမှုဖွင့်ဖမ်းဆီးစစ်ဆေးလျက် ရှိကြောင်း သိရသည်။ **KMT**

## ကံကောက်ရပ်ကွက်တွင် လူငယ်သုံးဦးမှ ရိုက်ဟန်ပြုပြီး ဆိုင်ကယ်လုယူ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၂၈လမ်း နှင့် ၂၉လမ်းကြား၊ ၅၄လမ်းနှင့် ၅၅လမ်းကြား၊ ကံကောက်ရပ်ကွက်နေ ကိုချမ်းငြိမ်းအောင်၊ ၃၀နှစ် သည် အောက်တိုဘာ ၃၀ရက် ည ၁နာရီခွဲက ၅၄ယ/------ ဟွန်ဒါကလစ်ဆိုင်ကယ် (တူး ဘောက်အတွင်း ငွေကျပ်သုံးသိန်း၊ ယာဉ်မောင်း လိုင်စင်တစ်ခု၊ ATM ကတ်တစ်ခု)ဖြင့် လမ်း ၃၀ အတိုင်း မောင်းနှင်လာရာ လမ်း ၆၀နှင့် သံလမ်း ကြား ရောက်ရှိစဉ် နောက်မှလိုက်ပါလာသည့် CZI-125 ဖြူ၊ ပြာဆိုင်ကယ်ဖြင့် လူငယ်သုံးဦးသည် အနီးသို့ လိုက်ပါလာသဖြင့် ကိုချမ်းငြိမ်းအောင်မှ မသင်္ကာ၍ နောက်ပြန်ကွေ့ရန်ပြုလုပ်ရာ လမ်းချော် ၍ ဆိုင်ကယ်လဲကျခဲ့သည်။

ကိုချမ်းငြိမ်းအောင် ဆိုင်ကယ်လဲနေစဉ် အဆိုပါ လူငယ်သုံးဦးအနက် နောက်ဆုံး၌ လိုက်ပါလာ သူက အရှည်တစ်ပေကျော်ခန့်ရှိ တုတ်ကဲ့သို့ အရာဝတ္ထုတစ်ခု ကိုင်ဆောင်လျက် ရိုက်မည်ပြု သဖြင့် ကိုချမ်းငြိမ်းအောင်က နောက်ဆုတ် ရှောင် လိုက်ရာ မရိုက်မိဘဲ ဆိုင်ကယ်အလယ်ထိုင်လိုက် ပါလာသူက ကိုချမ်းငြိမ်းအောင် ဆိုင်ကယ်အား မောင်းယူ၍ ၄င်းတို့သုံးဦး ထွက်ပြေးသွားခဲ့သည်။ ကိုချမ်းငြိမ်းအောင်က တိုင်တန်း၍ အမှတ်(၃)နယ်မြေ ရဲစခန်းက (ပ)၅၅၂/၂၀၁၆ ၊ ရာဇသတ်ကြီးပုဒ်မ ၃၉၂အရ အမှုဖွင့်၍ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီး ရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **THKK**

## မူလတန်းကျောင်းသူလေးများအား မဖွယ်မရာပြုလုပ်သူ မူလတန်းပြဆရာအား မိတ္ထီလာမြို့မရဲစခန်းက ဖမ်းဆီး အရေးယူ

အောက်တိုဘာ ၂၉ရက် ည၆နာရီက မိတ္ထီလာ မြို့နယ်၊ ---- ရွာနေ၊ ဦး ---- ၊ ဈေးရောင်း၏ သမီးဖြစ်သူ မ ---- ၊ ၁၀နှစ်၊ လေးတန်း၊ အမက( ---- )ကျောင်းသို့သွားစဉ် မူမမှန်ဖြစ်၍ မသင်္ကာသဖြင့် နေအိမ်၌ မေးမြန်းရာ မ ---- ၏ ပြောကြားချက်အရ အောက်တိုဘာ ၂၈ရက် နံနက် ၇နာရီက အမက(----)ကျောင်းဝင်းအတွင်း နေ ထိုင်သူ မူလတန်းပြဆရာ ဦး-- (၅၄ နှစ်)သည် ၄င်း၏ နေအိမ်ထဲတွင် မ ---- အား မဖွယ်မရာများ ပြုလုပ်ခဲ့ကြောင်း ပြောပြသိရှိရသဖြင့် တခြား ကျောင်းသားများနှင့်မိဘများနှင့်တိုင်ပင်၍ အောက် တိုဘာ ၃၀ရက် ည ၁၀နာရီတွင် ကျေးရွာလူကြီးထံ သွားရောက်အသိပေးပြောကြားသည့်အခါ ၄င်း သည် တတိယတန်းနှင့် စတုတ္ထတန်းတွင် ပညာ သင်ကြားနေသော တစ်ရွာတည်းနေ အသက် ၈နှစ်နှင့် ၁၀နှစ်အတွင်းရှိ မိန်းကလေး ၁၁ဦးအား နေ့ရက်မမှတ်မိ နေအိမ်တွင် ခေါ်ဆောင်၍ အလား တူပြုလုပ်ခဲ့ကြောင်း သိရှိရသဖြင့် မိတ္ထီလာမြို့မ ရဲစခန်းက (ပ)၃၇၆/၂၀၁၆၊ ရာဇသတ်ကြီး ပုဒ်မ ၃၇၆/၅၁၁/၃၅၄အရလည်းကောင်း၊ နိုဝင်ဘာ ၂ရက်တွင် မိတ္ထီလာမြို့မရဲစခန်းက (ပ)၃၇၈/၂၀၁၆ ၊ ၃၇၉/၂၀၁၆၊ ၃၈၀/၂၀၁၆၊ ၃၈၁/၂၀၁၆၊ ၃၈၂/ ၂၀၁၆ တို့ဖြင့် ပုဒ်မ ၃၇၆/၅၁၁/၃၅၄အရ လည်းကောင်း၊ အုပ်ထိန်းသူမိဘများ၏ တိုင်တန်း ချက်အရ အမှုဖွင့်ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။ ကျန်ရှိသူ ကျောင်းသူများ၏ မိဘအုပ် ထိန်းသူများကလည်း အမှုဖွင့်လှစ်ရန် ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။ **KMT**

# အိန္ဒိယ၊ ဂျပန်နှင့် ထိရောက်သောအကူအညီ

ငွေမွန်(မန်း)



ဂျပန် JICA မှ ပံ့ပိုးကူညီထားသော လယ်ထွန်စက်



အိန္ဒိယမှ ပံ့ပိုးကူညီထားသော စပါးရိတ်သိမ်းခြွေလှေ့စက်

နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်သို့ ရက်ပိုင်းလပိုင်းအတွင်းသွားခဲ့သည်။ ဂျပန်အစိုးရ ထိပ်ပိုင်းခေါင်းဆောင်များ၊ လုပ်ငန်းရှင်များ၊ ပညာရှင်များစွာနှင့် တွေ့ဆုံဆွေးနွေးကြသည်။ မြန်မာနိုင်ငံသို့ ဂျပန်မှစီးပွားရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ နည်းပညာများအပြင် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အထောက်အပံ့ အကူအညီများပေးမှာ သေချာပါသည်။

မကြာသေးခင်ကလည်း နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယနိုင်ငံသို့ သွားရောက်ခဲ့ပြီး နှစ်နိုင်ငံနားလည်မှု စာချွန်လွှာတွေ၊ အကူအညီပေးရေးကိစ္စတွေ၊ နှစ်နိုင်ငံ ပူးတွဲဖြေရှင်းရမည့်ကိစ္စတွေ လက်မှတ်ရေးထိုးခဲ့ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

သမ္မတဦးသိန်းစိန် တက်လာခါစကလည်း အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ဖူးသည်။ ရွေးကောက်ပွဲကျင်းပပြီး တက်လာသော ဒီမိုကရေစီအစိုးရအသစ်ကလေးမို့ အိန္ဒိယနိုင်ငံမှ အကူအညီအထောက်အပံ့များစွာ ပေးခဲ့သည်။ သည်နေရာတွင် အခြားသော ကဏ္ဍများခဏထား၍ စိုက်ပျိုးရေးဆိုင်ရာ အကူအညီနှင့်ပတ်သက်၍ ရွေးနုတ်ဖော်ပြချင်ပါသည်။

ထိုစဉ်က အိန္ဒိယမှ မြန်မာနိုင်ငံအတွက် စိုက်ပျိုးရေးဆိုင်ရာ စက်ကိရိယာများစွာ တစ်ပါတည်း ပေးအပ်ကူညီခဲ့သည်။ မြင်းကောင်ရေ(၃၅)ကောင်ရှိ New Holland ထွန်စက်နှင့် တွဲဖက် သိပ်ပွံထယ်၊ ထွန်ဂျစ်(Spider Harrow)၊ ရိုတာဗေတာ ဓားထွန်၊ နောက်ဆွဲဂျုတ်နှင့် မျိုးစေ့ချကိရိယာများ၊ စပါးရိတ်သိမ်းစက်ကြီး Cambine Harvester များ၊ လက်တွန်းထွန်စက်များကို အိန္ဒိယနိုင်ငံမှ ပံ့ပိုးကူညီခဲ့သည်။ ရောက်ရှိလာသောစက်နှင့် တွဲဖက်ကိရိယာများ၊ ရိတ်ခြွေစက်ကြီးများကို နိုင်ငံတော်သမ္မတကြီးက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခွဲဝေပေးခဲ့၏။ တိုင်းအစိုးရနှင့်ပြည် နယ်အစိုးရတို့က လည်း မြို့နယ်အလိုက် ပြန်ခွဲပေးခဲ့ပြီး မြို့နယ် အုပ်ချုပ်ရေးမှူး၏ အစီအစဉ်ဖြင့် ထွန်စက်လက်တွန်းထွန်စက်နှင့် ရိတ်ခြွေစက်ကြီးများကို အသုံးပြုခဲ့ကြကြောင်း တွေ့ရှိရသည်။

အိန္ဒိယမှ ပံ့ပိုးကူညီခဲ့သော ထွန်စက်နှင့် ရိတ်ခြွေစက်ကြီးများမှာ လက်ရှိမြန်မာနိုင်ငံ၏ လယ်ယာမြေအနေအထားနှင့် ကိုက်ညီမှုနည်းပါးသည်။ ထွန်စက်မှာ မြင်းကောင်ရေ(၃၅)ကောင်သာရှိသဖြင့် သိပ်မတွင်ကျယ်။ စက်ကငယ်ပြီး တွဲဖက်ကိရိယာများကလည်း ဘက်ညီမှု သိပ်မရှိ။ Mould Board Plough ခေါ်သော သိပ်ပွံထယ်က မြန်မာနိုင်ငံမှာ ထွန်စက်နှင့် သိပ်မသုံးကြ။ အစိုထယ်ရေး မောင်းမရသဖြင့် လယ်မြေများမှာ အလုပ်မဖြစ်။ ယာမြေကျတော့လည်း မြင်းကောင်ရေနည်းနေသဖြင့် ခရီးမတွင်။ ပိုပြီးဆိုးတာက Combine Harvester ခေါ်သည့် စပါးရိတ်သိမ်းခြွေလှေ့စက်ကြီး။ ထိုစက်ကြီးက အရွယ်အစားအတော်ကြီးမားသည်။ ပြီးတော့ ချိန်းပတ် Crawler Type မဟုတ်။ တာယာဘီးနှင့်။ စက်က ကြီးမားတော့ လယ်ကွက်ငယ်များပြားသည့် မြန်မာနိုင်ငံမှာ အဆင်မပြေ။ အထူးသဖြင့် တာယာဘီး Wheel Type ဖြစ်နေတော့ စပါးရိတ်ချိန်တွင် လယ်မြေအတွင်း ရေစပ်စပ်ရှိနေသေးသော လယ်ကွင်းများ၌ ရိတ်မရ။ ဘီးချော်၊ ဗွက်နစ်ပြီး ဘယ်လိုမှကို သုံးမရ။ တောင်သူကလည်း လုံးဝမကြိုက်။

အိန္ဒိယမှ ကူညီပံ့ပိုးသော စက်ကိရိယာအားလုံးက အမေရိကန်ဒေါ်လာ(၄)သန်းဖိုးခန့်ရှိ၏။ တန်ဖိုးကြီးသော်လည်း လုပ်ငန်းခွင်မှာ အသုံးတည့်မှုအလွန်နည်းသဖြင့် ထိရောက်မှုမရှိဟုဆိုချင်သည်။ ပေးကားပေး၏၊ မရဆိုသလိုပေါ့။

သည်နေရာတွင် အကူအညီပေးသူနှင့် ရယူသူနှစ်ဦးနှစ်ဖက်ကြားတွင် ဆန်းစစ်စရာများရှိနေသည်။ ဒေါ်လာငွေကို လက်ထဲထည့်ပြီး ကိုယ့်နိုင်ငံ ရေမြေသဘာဝနှင့် ကိုက်ညီဆီလျော်သည့် စက်ကိရိယာများ၊ မြန်မာနိုင်ငံမှ တောင်သူများ လိုလားနှစ်သက်သည့် စက်ကိရိယာများကို ဝယ်ယူစေလျှင် ပို၍ကောင်းပေမည်။ အိန္ဒိယမှပေးသည့် အကူအညီဆိုတော့ အိန္ဒိယနိုင်ငံထုတ် စက်ကိရိယာများကိုပင် ဝယ်ယူစေချင်သည့် သဘောဆန္ဒရှိလျှင်သော်မှ ရွေးချယ်ခွင့်ရှိစေချင်ပါသည်။

ယူသူဘက်ကရော စက်ကိရိယာအကြောင်းနားမလည်၊ ကိုယ့်ရေမြေအနေအထားမသိဘဲ ပေးတာပဲ လက်ခံလာခဲ့သည့်သဘောဖြစ်နေသည်။ အလကားရသည့်နွား သွားဖြဲမကြည့်သင့် ဆိုသော်လည်း ခိုင်းစားလို့မရသော်မှ အသားပေါ်လို့ ကောင်းသည့်နွား ဖြစ်ဖို့လိုသည်။

အမှန်က သူ့လုပ်ငန်းခွင်နယ်ပယ်မှာ ကျွမ်းကျင်သူရှိပြီးသား။ ထိုကျွမ်းကျင်သူကို မမေးမမြန်း၊ တာဝန်မပေးဘဲ "ငါ အားလုံးတတ်သည်"ဟူသော အုပ်ချုပ်ရေးအမြင်၊ ကိုယ့်ငါးချဉ် ကိုယ်ချဉ်သူများကြောင့် အဆီအငေါ်မတည့်ဖြစ်ရခြင်းပင်။ ဒါက အကူအညီပေးသည်ဖြစ်၍ အသုံးမတည့်သော်လည်း ကိုယ့်အိတ်ထဲက ပွဲမပါသွားသဖြင့် တော်သေးသည်။

နိုင်ငံ၏ တကယ့်အရေးကြီးနေရာမှာ တာဝန်ယူခဲ့သော ထိုပုဂ္ဂိုလ်ကြီး၏ မစူးမစမ်းဘဲ ကိုရီးယားမှ စက်ကိရိယာများကို အများအပြား ဝယ်ယူတင်သွင်းခဲ့သေးသည်။ ကိုရီးယားစက် Combine Harvester များကောင်းပါ၏။ နည်းပညာလည်း မြင့်ပါ၏။ သို့သော် လက်ရှိမြန်မာ့လယ်မြေများ၊ စိုက်ပျိုးနေသော စပါးမျိုးများ၊ ကြဲပက်သောနည်းစနစ်နှင့် ရိတ်ချိန်တွင် လယ်မြေရေမခြောက်သေးသော အခြေအနေများကြောင့် အများအပြားသုံး၍ မရ။ နည်းပညာမြင့်သောစက်က နုလွန်း၍ မကြာခဏပျက်၊ စက်အရန်ပစ္စည်းကရှား။ ဈေးကြီးနှင့် တောင်သူ တော်တော်စိတ်ညစ်သောစက်ဖြစ်သွား၏။ စက်ဝယ်ရင်း တန်ဖိုးကလည်း ပေါက်ဈေးထက် အတော်များနေသေးရာ အိန္ဒိယက ပံ့ပိုးသော လယ်ယာသုံးစက်များထက်ပင် နိုင်ငံမှာ အတော်နစ်နာသွားရသည်။

ယခင် သမ္မတကြီးဦးသိန်းစိန်လက်ထက်မှာ ဂျပန်နိုင်ငံကလည်း အကူအညီတွေပေးခဲ့ပါသည်။ လယ်ယာကဏ္ဍမှာပဲ ရွေးပြောပါမည်။ ဂျပန်နိုင်ငံ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)မှ ပံ့ပိုးကူညီမှုအကြောင်း နှိုင်းယှဉ်တင်ပြပါမည်။

ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် (G to G) အစိုးရချင်း တိုက်ရိုက်မဆောင်ရွက်။ (JICA) မှတစ်ဆင့် ပံ့ပိုးသည်။ (JICA) မှလည်း အိန္ဒိယကဲ့သို့ "ရော့ .. အင့်"မပေး။ သေချာလေ့လာဆန်းစစ်ပြီး ထိရောက်မှုရှိအောင် စနစ်တကျဆောင်ရွက်သည်။

(JICA) မှ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ညှိနှိုင်းကာ လယ်ယာလုပ်ငန်းတွင် စက်ကိရိယာများဖြင့် တိုက်ရိုက်ဆောင်ရွက်နေသော ဌာနနှင့်ပူးတွဲဆောင်ရွက်၏။ လုပ်ကွက်ငယ်လယ်သမားများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Small Scale Farmer Development Project) (2KR) ခေါင်းစဉ်တပ်၍ စနစ်တကျဆောင်ရွက်ပေးသည်။

(JICA) မှ ပထမဦးစွာ Survey Engineer ဂျပန်လူမျိုးတစ်ဦးကို စေလွှတ်၍ စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူများ လိုက်ပါပူးပေါင်းစေကာ ရွေးချယ်ထားသော ကျေးရွာများသို့ ကွင်းဆင်းလေ့လာစေသည်။ (2KR-2012) ၂၀၁၂ခုနှစ်(2KR) Project စီမံကိန်းအတွက် ကျေးရွာ ငါးရွာ၊ ၂၀၁၃ ခုနှစ်(2KR)Project စီမံကိန်းအတွက် ကျေးရွာ ငါးရွာ သတ်မှတ်ရွေးချယ် ကွင်းဆင်းလေ့လာသည်။

Survey Engineer အင်ဂျင်နီယာဆိုသူကလည်း အတော့်ကို စေ့စပ်သည်။ နှိုက်နှိုက်ချွတ်ချွတ်မေးသည်။ ဘာသီးနှံစိုက်သလဲ။ ဘယ်အချိန် စိုက်သလဲ။ ဘာမျိုးသုံးသလဲ။ စိုက်ပျိုးရာတွင် မြေယာပြင်ဆင်ရာ၌ ကျွဲနွားသုံးသလား၊ စက်ကိရိယာသုံးသလား။ ဘယ်နှစ်စပ် မောင်းသလဲ။ မြေပြင်စရိတ် ဘယ်လောက်ကုန်သလဲ။ ဘယ်အချိန် ရိတ်သိမ်းသလဲ။ ရိတ်ခခြွေခ ဘယ်လောက်ကုန်သလဲ။ စုစုပေါင်းစိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်က ဘယ်လောက်၊ သီးနှံရောင်းချရငွေ ဘယ်လောက်၊ အကျိုးအမြတ် ရှိ မရှိ။ လယ်သမား ဆယ့်လေးငါးယောက်ကို တစ်ရွာချင်းဆင်းမေးသည်။ မြေယာအနေအထားကို လေ့လာသည်။ ကျေးရွာအခြေအနေကို သုံးသပ်သည်။

သည်မျှမကသေး ပွဲစား၊ ကုန်သည်နှင့် တွေ့ဆုံကာ ဈေးကွက်အခြေအနေကို စူးစမ်းသည်။ သီးနှံကြိတ်ခွဲသည့် စက်ပိုင်ရှင်များနှင့်တွေ့သည်။ လယ်မြေဧက အနည်းငယ်သာ ပိုင်ဆိုင်သော တောင်သူများကို တွေ့ဆုံသလို ဧက ၁၀၀ကျော် ပိုင်ဆိုင်သူကိုလည်း တွေ့မေးသည်။ စက်ကိရိယာပေးမည့် ကျေးရွာ၏အနီးဆုံးမြို့မှ စက်ပြင်ရုံများ၊ work shop များကိုပါ လေ့လာသည်။ စက်ကိရိယာများကို ထိန်းသိမ်းကြီးကြပ်မည့်ဌာန၏ လုပ်ထုံးလုပ်နည်း (Procedure)၊ ဆင့်ကဲကြီးကြပ်အုပ်ချုပ်ပုံနှင့် ကိုယ်တွယ်မောင်းနှင်မည့် ကျွမ်းကျင်ဝန်ထမ်းအစရှိသည်ဖြင့် ထောင့်စေ့အောင်ဆန်းစစ်သည်။ မည်သည့်စက် အမျိုးအစားကို ကြိုက်သလဲ။ ဘာကြောင့်လဲ။ လက်ရှိလယ်ယာလုပ်ငန်းမှာ မည်သည့်စက်တွေ အသုံးများနေသလဲ။ မြန်မာနိုင်ငံမှာ လယ်ယာသုံးစက်ကိရိယာအမျိုးအစားအလိုက် အသုံးပြုမှုအခြေအနေတွေကိုပါ မေးခွန်းထုတ်သည်။

ထိုစေ့စပ်သေချာသော ကွင်းဆင်းလေ့လာပညာရှင်(Survey Engineer) အင်ဂျင်နီယာမှ အသေးစိတ်အစီရင်ခံစာကို (JICA)သို့ ပြန်လည်တင်ပြရပြီး (JICA) မှ ညွှန်ကြားရေးမှူး(Director) အဆင့်ရှိသူများထပ်မံ၍ ကွင်းဆင်းကာ ပြန်လည်သုံးသပ်သည်။

အဖက်ဖက်မှ လေ့လာဆန်းစစ်သုံးသပ်ပြီးမှ လက်ရှိမြန်မာ့ရေမြေအနေအထားနှင့် ကိုက်ညီဆီလျော်သည့် စက်အမျိုးအစားများကို ရွေးချယ်ကာ ထောက်ပံ့ကူညီပေးအပ်သည်။ ပေးအပ်သည့်စက်များကလည်း အရည်အသွေးစိတ်ချကောင်းမွန်သည့် စက်အမျိုးအစားကို သေချာရွေးချယ်၍ ဝယ်ယူတင်သွင်းပေးအပ်သည်။

ဥပမာအားဖြင့်ဆိုလျှင် (2KR-2013) ၂၀၁၃ခုနှစ် စီမံကိန်း၌ ပါဝင်သည့် မတ္တရာမြို့နယ် မင်္ဂလာသီရိကျေးရွာအတွက် မြင်းကောင်ရေ(47)ကောင်ရှိ Kubota ကူဘိုတာထွန်စက်နှင့် ခြောက်သွားထယ်(6 disc plough-Harrow)၊ ရိုတာဗေတာ (Rotavator)၊ ထွန်စက်တစ်စီး ကိရိယာ နှစ်မျိုးတွဲဖက်ပေးသည်။ ထွန်စက် ၂၇စီး၊ ခြောက်သွားထယ် ၂၇လက်၊ ရိုတာဗေတာ ၂၇လက်ဖြစ်၏။ ထို့ပြင် Kubota Combine(DC 70G)ကူဘိုတာ စပါးရိတ်သိမ်းခြွေလှေ့စက်(မြင်းကောင်ရေ-၇၀) (Crowler Type)ည နှစ်စီးပါဝင်သည်။ ထိုစက်ကိရိယာများကို ကျွမ်းကျင်သည့်ဌာနမှ အနီးကပ်ကြီးကြပ်လုပ်ငန်းဆောင်ရွက်ရန် စာချုပ်နှင့်တကွ လွှဲအပ်သည်။

(ပေးပြီး .. ပြီးရော)ဟူ၍ လက်လွှတ်ချေချွတ် မဟုတ်။ ထိုပေးအပ်ထားသော စက်ကိရိယာများ၏ တန်ဖိုးစုစုပေါင်း၏ ထက်ဝက်ကို သင့်တင့်မျှတသော လုပ်ငန်းဝန်ဆောင်ခ ကောက်ခံဆောင်ရွက်ပြီးငွေကို ဘဏ်တစ်ခုခုတွင် ငွေစာရင်းဖွင့် ပေးသွင်းစေသည်။ လုပ်ငန်းနှင့် ငွေကို အသေးစိတ်ကြီးကြပ်ဆောင်ရွက်ရန် ဌာနမှ တိုင်းခရိုင်မြို့နယ်အဆင့်ဝန်ထမ်းများနှင့် ကျေးရွာမှ အုပ်ချုပ်ရေးမှူးအပါအဝင်အနည်းဆုံး လေးဦးပါသော ကော်မီတီတစ်ရပ်ဖွဲ့စည်းဆောင်ရွက်ရ၏။

ဘဏ်တွင်အပ်နှံထားသော ငွေကိုလည်း ထုတ်သုံးခွင့်မရှိ။ စက်ကိရိယာပြုပြင်ရန် မဖြစ်မနေ လိုအပ်မှသာ (JICA) ၏ ခွင့်ပြုချက်ရယူပြီးမှသာ ထုတ်ယူသုံးစွဲနိုင်သည်။ စက်ကိရိယာတန်ဖိုးအားလုံး၏ ထက်ဝက်ကိုလည်း လေးနှစ်အတွင်းရအောင် ရှာဖွေရမည်။ ထိုတန်ဖိုးထက်ဝက်ပြည့်မှသာလျှင် (JICA) ၏ သဘောတူညီမှုဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ(တံတားတည်၊ ကျောင်းဆောက်၊ လမ်းဖောက် စသည်ဖြင့်)သုံးစွဲနိုင်သည်။

ထိုသို့ပေးအပ်ထားသော စက်ကိရိယာများနှင့် လုပ်ငန်းအခြေအနေများကိုလည်း (JICA)မြန်မာနိုင်ငံကိုယ်စားလှယ်ဒါရိုက်တာညွှန်ကြားရေးမှူးများက စဉ်ဆက်မပြတ်စောင့်ကြည့်ကာ စက်မှုလယ်ယာဦးစီးဌာနနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်လျက်ရှိ၏။

ဂျပန်နိုင်ငံမှ ပံ့ပိုးပေးအပ်ထားသော ထွန်စက် Kubota(L-478)များမှ မြင်းကောင်ရေ နည်းသော်လည်း ရေရှိသော လယ်မြေတွင် သမန်းပြင်ထွန်းယက်နိုင်သဖြင့် အတော့်ကို အသုံးတည့်သည်။ ကူဘိုတာရိတ်သိမ်းခြွေလှေ့စက်ကလည်း လက်ရှိမြန်မာ့လယ်ယာစပါးများကို ကွင်းအကျဉ်းအကျယ်အစို အခြောက်မရွေးရိတ်သိမ်းပေးနိုင်သဖြင့် တောင်သူများအကြိုက်တွေ့ကာ အလွန်အသုံးဝင်လျက်ရှိသည်ကို တွေ့ရပေသည်။

အိန္ဒိယနှင့်ဂျပန် ပေးအပ်သော အကူအညီများကို လယ်ယာကဏ္ဍတစ်ခုကို ဥပမာပြု၍ နှိုင်းယှဉ်တင်ပြခဲ့ပြီးပါပြီ။

အလိုအပ်ဆုံး၊ အထိရောက်ဆုံး၊ အသုံးအတည့်ဆုံး ပေးအပ်နိုင်မှသာ နှစ်ဦးနှစ်ဖက်အကျိုးရှိမည်ဖြစ်၏။ အကျိုးရှိသော်လည်း ပေးသူနှင့်ယူသူ နှစ်ဦးလုံးမှာ တာဝန်ရှိပါသည်။

သို့မှသာ စေတနာမှန်၍ အကျိုးပေးသန်မည် ဖြစ်ပေသတည်း။ aEre(re;)

■ ■ ■

## စီးပွားရေးစတင်လုပ်ကိုင်လိုချင်သူများအတွက် Wisdom Talk of MRCCI စီးပွားရေးအသိပညာပေး အခမဲ့ ဟောပြော



မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းမှ ကြီးမှူးကျင်းပပြုလုပ်သော အသေးစား အလတ်စား စီးပွားရေး လုပ်ငန်းစတင်လုပ်ကိုင်လိုချင်သူများ အဆင်ပြေချောမွေ့စေရန် Wisdom Talk of MRCCI စီးပွားရေး အသိပညာပေးအခမဲ့ဟောပြောပွဲကို အောက်တိုဘာ ၃၀ရက် မွန်းလွဲ ၂နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၇၈လမ်း၊ ၃၄လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါဟောပြောပွဲသို့ အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်း စတင်လုပ်ကိုင်လိုချင်သူများ၊ အသေးစား၊အလတ်စား စီးပွားရေးလုပ်ငန်း လုပ်ကိုင်ပြီး စီးပွားရေးတိုးချဲ့လိုချင်သူများ၊ စိတ်ပါဝင်စားသူများတက်ရောက်ခဲ့ကြသည်။ အခမဲ့စီးပွားရေး အသိပညာပေး ဟောပြောပွဲတွင် အောင်သမာဓိ စိန်ရွှေရတနာဆိုင်နှင့် ရွှေသန့်စင်လုပ်ငန်းမှ ဦးမောင်မောင်က ရွှေစတင်ထွက်ရှိလာပုံမှ ရွှေစင်ဘဝသို့ရောက်ရှိ လာပုံအကြောင်းကိုလည်းကောင်း၊ ရွှေဈေးကွက်၊ ရွှေဈေးတွက်ပုံနှင့် ရွှေချိန်တွယ်နည်းများအကြောင်းကိုလည်းကောင်း၊ ရွှေနှင့်ပတ်သက်သည့် သိကောင်းစရာတို့ကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများ၏ သိရှိလိုသည်များကို ရှင်းလင်းတင်ပြခဲ့သည်။


ထို့နောက် ဦးစိုးမြင့်သန်းမှ Management Consultant SMALL Business Big Impact ခေါင်းစဉ်ဖြင့် ဟောပြောပြီး တက်ရောက်လာသူများရဲ့ အမေးများအား ပြန်လည်ဖြေကြားခဲ့သည်။ မန္တလေးတိုင်းဒေသကြီး ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းသည် အသင်းဝင်များ၏ အသိပညာပေး ဟောပြောပွဲများသာမက အသင်းပြင်ပရှိ စီးပွားရေးလုပ်ကိုင် လိုချင်သူများအတွက် Wisdom Talk of MRCCI စီးပွားရေး အသိပညာပေး အခမဲ့ဟောပြောပွဲများအား လစဉ်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **SM-H**



# အတို့ အထိ . . . အဟိ အဟိ

– မောင်လိုင်မွှေး –

### လမ်းညွှန်ချင်၍



● ရုတ်တရက် ထင်မှတ်မထားသော ပုံဖြင့် ဦးငွေဝင်းကို တွေ့လိုက်ရသောအခါ ဦးခင်မောင်မြင့် ဝမ်းသာအားရဖြစ်သွားသည်။

**ဒီမယ် ကိုငွေဝင်း... ၊ ကျုပ်သူငယ်ချင်း ကိုမိုးဇော်ကိုလည်း ရယ်စရာကောင်းတဲ့ရုပ်ကြီးနဲ့ မြင်ချင်တယ်ဗျ။**

***" အေး.. ဒါဆို ငါက ဘာလုပ်ပေးရမလဲ.. "***

**ခင်ဗျား ဆံပင်ကို ဘယ်ဆိုင်မှာ ညှပ်ခဲ့သလဲပြော..**

### နိုး.. နိုး...




● ပွဲစားကြီးဦးမြသာကို လူငယ်တစ်ယောက်က မေးသည်။

**ပွဲစားကြီး... ခင်ဗျား တစ္ဆေသရဲတွေကို ယုံသလား**

***" ဟင့်အင်..၊ ငါက ကိုယ်ကကျူး ကိုယ့်ဒူးတောင် မယုံဘူး..'***

### သိရုံပဲ သိသတဲ့..




● မန္တလေး ရွှေမြို့တော်နေ အောင်ကျော်ဦးကို နယ်က ရောက်လာသည့် စာသမားတစ်ဦးက ပညာစမ်းလို၍ မေးသည်။

**မင်း.. ကင်းဝန်မင်းကြီး ဦးကောင်းကို သိသလား..**

***" သိတယ်.. ဒါပေမဲ့ လူချင်းတော့ တစ်ခါမှ မဆုံဖူးဘူး.."***

### ဘိုးသက်ရှည် ဘွားသက်ရှည်များ



● **ကမ္ဘာပေါ်မှာ ဘယ်သူတွေဟာ အသက်အရှည်ဆုံးလဲ ဟင်..**

ရုပ်ရှင်နှင့် ဗီဒီယိုဝါသနာအိုးက ဖြေ၏။

***" မြန်မာဇာတ်ကားတွေထဲက မင်းသားနဲ့ မင်းသမီး"***

**ဘာကြောင့်လဲဗျ...**

***" သူတို့ဘယ်တော့မှ မသေဘူးလေ...'***

### အပိုင်ကြံခြင်း




● ဦးဝဲကျော်ကို လူငယ်တစ်ယောက်က ပြော၏။

**အန်ကယ်.. ကျွန်တော့်ကို ငွေတစ်သောင်းလောက် ချေးစမ်းပါ...**

***" မင့်မှာ အရေးပေါ်ငွေလိုနေလို့လား..."***

**မဟုတ်ဘူး၊ အန်ကယ်က မေ့တတ်တယ်ဆိုလို့...**

### ဖြေစမ်းပါ



● သူအလွန်သောက်မြင်ကပ်နေသော လူတစ်ယောက်က ဦးဘတုတ်ကိုမေးသည်။

**ဦးဘတုတ်.. ခင်ဗျားအိမ်မှာကိုက်တတ်တဲ့ ခွေးရှိသလား..**


***" ဘာလဲ အစွမ်းအစပြိုင်ချင်လို့လား ..."***




- မန်ချက်စတာစီးတီးကွင်းလယ်လူ ယာယာတိုရေးက မန်နေဂျာပတ်ဂွါဒီယိုလာကို အေးဂျင့်ဖြစ်သူကတစ်ဆင့် တောင်းပန်လိုက်ပါတယ်။ ဒီလိုတောင်းပန်ရင် အသင်းမှာ ပြန်ကစားခွင့်ပြုမယ်လို့လည်း စပိန်နည်းပြက ဆိုထားပါတယ်။
- ပထမနှင့် ဒုတိယကမ္ဘာစစ်ပွဲ အတွင်းကျဆုံးသူရဲကောင်းများကို ဂုဏ်ပြုသည့် အနေနှင့် လက်မောင်းမှာ ဘိန်းပန်းပုံတံဆိပ် လက်ပတ်ဝတ်ပြီးကစားမည့် အင်္ဂလန်နှင့်စကော့တလန်အသင်းများက ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ ပြစ်ဒဏ် ချခံရဖွယ်မရှိပါဘူး။
- မန်ချက်စတာယူနိုက်တက်က ဝါရင့်ဂျာမန်ကွင်းလယ်လူ ရှဝိန်းရှနေဂါအား ပေါင် ၁၀ သန်းဖြင့် ရောင်းချဖို့ စီစဉ်နေပါတယ်။
- ဆွမ်ဆီးက မန်ယူတိုက်စစ်မှူးဟောင်း ဘာဘာတော့(၃၅နှစ်)အား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပရီးမီးယားလိဂ်ကို ပြန်ခေါ်ဖို့ စီစဉ်နေပါတယ်။
- နာပိုလီက ဝက်စ်ဟမ်းတိုက်စစ်မှူးဇာဇာ(၂၅နှစ်)အား အီတလီကို ခေါ်ဖို့ စိတ်ဝင်စားနေပါတယ်။
- တရုတ်စူပါလိဂ်ကလပ် ရှန်ဟိုင်း SIPG က လက်ရှိအင်္ဂလန်နည်းပြဟောင်း အဲရစ်ဆင်ကိုထုတ်ပြီး စပါးနှင့်ချဲလ်ဆီး နည်းပြဟောင်း ဘိုအက်စ်နှင့် အစားထိုးဖို့ စီစဉ်နေပါတယ်။
- နည်းပြဖရန့်ဒီဘိုဝါးကို ဖြုတ်ပစ်လိုက်တဲ့ အီတလီကလပ် အင်တာမီလန်က ချဲလ်ဆီးနည်းပြဟောင်း ဟင်းဒင့်စ်ကိုခေါ်ဖို့ စီစဉ်နေပါတယ်။
- ချဲလ်ဆီးက ၂၁နှစ်ရှိ ရှေ့တန်းကစားသမား ဘာထရန့်ထရိုင်အိုရီကို နယ်သာလန် ကလပ်အေဂျက်ဆီ ရောင်းဖို့စီစဉ်နေပါတယ်။
- ဆန်းဒါးလန်းနည်းပြ မိုရက်စ်က အသင်းကစားပုံကျနေတဲ့အတွက် ကစားသမားများ စိတ်ရွှင်လန်းဖို့ ကားစက်ရုံတစ်ခုဆီ အလည်ခရီးပို့ပေးခဲ့ပါတယ်။
- မန်ချက်စတာယူနိုက်တက်က စပေါ့တင်းလစ္စဘွန်းမှာ ခြေစွမ်းပြနေတဲ့ ဂယ်ဆန် မာတင်ကိုခေါ်ဖို့ စိတ်ဝင်စားနေပါတယ်။
- ဂန်နားများက ဟော်လန်ကလပ် ပီအက်စ်ဗီမှာ ခြေစွာနေတဲ့ မက်သီယပ်ဗာရက်စ်ကို စိတ်ဝင်စားနေပါတယ်။
- လီဗာပူးလ်ကွင်းလယ်ကစားသမား ဆာခိုက ကြိုးကြာနီကလပ်ကို ကျောခိုင်းဖို့ သေချာသလောက် ဖြစ်နေပါပြီ။
- မန်ယူမှာ ခြေစွမ်းပျောက်နေတာ ကြာပြီဖြစ်တဲ့ မန်ပစ်ဒီပေးက အိုးထရက်ဖို့ဒ်ကိုကျောခိုင်းပြီး အသင်းသစ်ရှာသင့်ပြီလို့ မိတ်ဆွေများက သတိပေးနေပါတယ်။
- လူးဝစ်ဆွာရက်စ်က ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ပရီးမီးယားလိဂ်ကို ပြန်မှာ မဟုတ်ဘူးလို့ ဘာစီလိုနာအသင်းက ဆိုပါတယ်။
- ချဲလ်ဆီးကပ္ပတိန် ဂျွန်တယ်ရီက တစ်နှစ်လုပ်ခပေါင်ရှစ်သန်းဖြင့် တရုတ်ကလပ်တစ်ခုဆီ ပြောင်းဖို့ စိတ်ဝင်စားနေပါတယ်။
- မန်ချက်စတာယူနိုက်တက်ရဲ့ ကစားပုံကိုကြည့်ပြီး စိတ်ဓာတ်ကျနေတာ ၂နှစ်လောက်ရှိပြီဟု သရဲနီကွင်းလယ်ကစားသမားဟောင်း ပေါစကိုးလ်က ဆိုပါတယ်။
- ဖီနာဘာချီနှင့်ယှဉ်ပြိုင်သည့် ယူရိုပါလိဂ်ပွဲမှာ ပြိုင်ဘက်ကစားသမားကို လည်ပင်းညစ်ခဲ့သည့် မန်ယူတိုက်စစ်မှူး မိုဗစ်က ပြစ်ဒဏ်ကျခံရနိုင်ပါတယ်။
- အဆိုပါပွဲမှာ မန်ယူရဲ့ အဓိကကွင်းလယ် ကစားသမား ပေါ့ဘာက ခြေထောက်ထော့နင်းဖြင့် ကွင်းလယ်ကနေ ထွက်သွားခဲ့ရပါတယ်။
- ပေါ့ဘာ ဒဏ်ရာမသက်သာရင်လည်း ဝါရင့်ကစားသမား ရှဝိုင်းရနေဂါကို သုံးမယ်လို့ မော်ရင်ဟိုက ဆိုပါတယ်။
- မော်ရင်ဟိုက မန်ယူနည်းပြဟောင်း မိုရက်စ်ထက် ၁၆ပွဲအတွင်း အဆိုးဆုံးရလဒ် စံချိန်တင်နေတယ်လို့ သိရပါတယ်။

- လင်းသစ် - ဘာသာပြန်ဆိုသည်

# ကစားသမားများ၏ စိတ်ဓာတ်ကို မေးခွန်း ထုတ်လိုက်သည့် မော်ရင်ဟို



ယူရိုပါလိဂ်ပြိုင်ပွဲတွင် ဖီနာဘာချီအသင်းအား ၂-၁ရှုံးနိမ့်သည့်ပွဲတွင် မန်ယူကစားသမားများ၏ ကစားပုံမှာ ချစ်ကြည်ရေးပွဲအဆင့်သာရှိသည်ဟု ပေါ်တူဂီနည်းပြ မော်ရင်ဟိုက စွပ်စွဲပြောဆိုလိုက်သည်ဟု နိုဝင်ဘာ ၄ရက် ဘီဘီစီ သတင်းမှာ ဖော်ပြသည်။

သရဲနီအသင်းသည် အစ္စတန်ဘူးလ်မြို့တွင် ရှုံးပွဲကြုံသဖြင့် ယူရိုပါလိဂ်၏ အုပ်စု(က)တွင် တတိယနေရာသို့ ကျဆင်းသွားပြီဖြစ်သည်။ ထို့အပြင် မန်ယူအသင်းသည် ပြိုင်ပွဲအရပ်ရပ်တွင် ကစားသည့် နောက်ဆုံး ခုနစ်ပွဲတွင် နှစ်ပွဲသာ အနိုင်ရရှိထားသည်။"ပွဲစပြီး နှစ်မိနစ်အကြာမှာ ဂိုးပေးလိုက်ရတဲ့အသင်းက အသင့်မဖြစ်သေးတဲ့ သဘောပဲ။ စိတ်ဓာတ်ပိုင်းအရလည်း ကောင်းကောင်း ပြင်ဆင်ထားခြင်းမရှိဘူး။ ဘာမှလည်း အာရုံစူးစိုက်မှုမရှိဘူးလို့လည်း ဆိုလို့ရတယ်" မော်ရင်ဟိုက ဆိုသည်။

မန်ယူအသင်း နောက်ဆုံးကစားသည့် ပွဲစဉ်လေးပွဲတွင် နှစ်ဂိုးသာသွင်း ယူနိုင်ပြီး ချဲလ်ဆီးနှင့် ကစားသည့်ပွဲတွင် စက္ကန့် ၃၀အတွင်း ဂိုးပေးခဲ့ရပြီး ဖီနာဘာချီနှင့်ပွဲတွင် ၆၅စက္ကန့်အတွင်း ဂိုးပေးခဲ့ရသည်။ "ကျနော်တို့ ပြဿနာက စိတ်ဓာတ်ပဲ။ သူတို့တွေက ချန်ပီယံလိဂ်ပြိုင်ပွဲလို ကစားတယ်။ ကျနော်တို့က ချစ်ကြည်ရေးပွဲလို ကစားကြတယ်။ ဘောလုံးကစားတယ်ဆိုတာ အရည်အသွေး တစ်ခုတည်း မဟုတ်ဘူး။ အားထုတ်မှုနှင့် စိတ်ဓာတ်ပိုင်းလည်း အများကြီး ဆိုင်တယ်။ မိနစ် ၉၀ လုံး အကောင်းဆုံးစိတ်ဓာတ်နှင့် အာရုံစူးစိုက်ကစားဖို့ လိုပါတယ်။ သူတို့တွေ အနိုင်နှင့် ထိုက်တန်ပါတယ်"ဟုလည်း မော်ရင်ဟိုက ဆိုသည်။

# ဟက်တာဘယ်လင် ဂန်နားမှာ ဆက်ရှိမယ်

အာဆင်နယ်အသင်းမှာ ခြေစွမ်းပြကစားနေသည့် ညာနောက်ခံလူ ဟက်တာဘယ်လင်က ဘာစီလိုနာအသင်းကို ပြောင်းရွှေ့မည့် သတင်းများကို ပယ်ချလိုက်ပြီး ကက်တလန်ကလပ်မှာ ကစားချင်ရင် ယခင်ကတည်းက အဆိုပါအသင်းကို စွန့်ခွာခဲ့မှာ မဟုတ်ဘူးဟု ပြောဆိုခဲ့သည်။

ဘာစီလိုနာကို ကျောခိုင်းပြီးနောက် အာဆင်နယ်အသင်းတွင် ခြေစွမ်းပြနေသည့် အဆိုပါ ညာနောက်ခံလူသည် လက်ရှိအချိန်တွင် ကမ္ဘာ့အကောင်းဆုံး နောက်တန်းကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခံထားရပြီး အီးမရိတ်ကွင်းမှာပဲ ပျော်ရွှင်နေသည်ဟု ဆိုသည်။ ၎င်း၏ အံ့မခန်း ခြေစွမ်းကြောင့် စပိန်ဘောဘီလူးကြီး ဘာစီလိုနာက နူးကမ့်သို့ ပြန်ခေါ်ရန် အထူးစိတ်ဝင်စားနေသည်။

ဒါ့အပြင် လက်ရှိပရီးမီးယားလိဂ်ကို ဦးဆောင်နေသည့် မန်စီးတီးအသင်းကလည်း ၎င်းကို စိတ်ဝင်စားနေသော်လည်း ဂန်နားအသင်းကိုပင် သစ္စာ စောင့်သိသွားမည်ဟု ဆိုသည်။

"ဘာစီလိုနာမှာ ကစားချင်ရင် အဲ့မှာပဲ နေမှာပေါ့ဗျာ။အာဆင်နယ်က ကျနော့်ကို စိတ်ဝင်စားတော့ ကျနော်သိပ်ပျော်ခဲ့ရတာ။ ဒီကို ဆုံးဖြတ်ပြီးမှာ လာခဲ့တာပါ။ နောက်ပြန်လှည့်ဖို့စိတ်မဝင်စားပါဘူး။ အာဆင်နယ်ကို ကူညီဖို့ပဲ စောင့်မျှော်နေပါတယ်"ဟု ၂၁နှစ်ရှိ ဟတ်တာဘယ်လင်က ဆိုသည်။

# ဂျာမနီက အကြမ်းဖက်သမားများကို ထောက်ပံ့ပေးနေသည်ဟု တူရကီ သမ္မတအာဒိုဂန်က စွပ်စွဲ



တူရကီသမ္မတ ရီဆက်အာဒိုဂန်က ဂျာမနီနိုင်ငံသည် အကြမ်းဖက်သမားများကွန်းခိုရန် ထောက်ပံ့ပေးနေသည့် ကမ္ဘာ့အဆိုးဆုံးနိုင်ငံဖြစ်သည်ဟု နိုဝင်ဘာ၄ရက်က စွပ်စွဲပြောဆိုလိုက်ပြီး ၎င်းတို့နိုင်ငံတွင် ဇူလိုင်၁၄ရက်က ဖြစ်ခဲ့သည့် အာဏာသိမ်းပွဲနှင့် ပတ်သက်ပြီး သံသယရှိသူ ၁၅ဦးအား လွှဲပြောင်းပေးရန် တောင်းဆိုထားသည်ကိုလည်း မည်သည့်တုံ့ပြန်မှုမှ မရသေးဟု ပြောဆိုခဲ့သည်။

ဂျာမနီတွင် ရာဇဝတ်မှုနှင့်ပတ်သက်ပြီး သံသယရှိသူ ၄၀၀၀ ဝန်းကျင်ရှိပြီး ၎င်းတို့ကို လွှဲပြောင်းပေးရန် ဂျာမနီအဓိပတိအိန်ဂျယ်လာ မာကယ်အား တောင်းဆိုထားသော်လည်း တုံ့ပြန်သံ မကြားရသေးဟုလည်း အာဒိုဂန်က ဆိုသည်။

ပြီးခဲ့သည့် နိုဝင်ဘာ၂ရက်က တူရကီတွင် မီဒီယာကဏ္ဍနှင့်ပတ်သက်ပြီး ပိတ်ပင်တားဆီးမှုများ ပြုလုပ်ခဲ့သည်ကို မာကယ်က ကန့်ကွက်ကြောင်း ပြောဆိုခဲ့သည်ကိုလည်း အာဒိုဂန်က ဂျာမနီသည် အကြမ်းဖက်အုပ်စုများကို အားပေးခြင်းနှင့် သတင်းစာများအတွက် စိုးရိမ်ခြင်းကို ပို၍ စိတ်ဝင်စားသည်ဟု ပြောဆိုခဲ့သည်။



# သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပါရီသဘော တူညီချက် အသက်ဝင်ပြီ



သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုနှင့် ပတ်သက်ပြီး ပါရီမြို့တွင် ပြုလုပ်ခဲ့သည့် သဘောတူညီချက်သည် သက်ဝင်လှုပ်ရှားလာခဲ့ပြီဟု နိုဝင်ဘာ ၄ရက် ဘီဘီစီသတင်းမှာ ဖော်ပြသည်။ စာချုပ်အဖွဲ့ဝင် နိုင်ငံအစိုးရများက ကမ္ဘာ့အပူချိန်အား စက်မှုထွန်းကားသည့် ခေတ်မတိုင်မီက အခြေအနေမျိုးကို ရောက်ရှိရန်ဖြစ်နိုင်လျှင် ၁.၅ဒီဂရီအထိ ရောက်ရှိရန် ကြိုးစားသွားမည်ဟု သဘောတူခဲ့ကြသည်။

"ကြည်နူးပျော်ရွှင်စရာ ကောင်းတဲ့ ကာလတစ်ခုပါပဲ"ဟု ကုလသမဂ္ဂသဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အကြီးအကဲ ပတ်ထရစ်ရှာအက်စပန်နိုစာက ရိုက်တာသတင်းသို့ ပြောခဲ့သည်။

အဆိုပါ စာချုပ်အသက်ဝင်သည့် အထိမ်းအမှတ်အဖြစ် နိုဝင်ဘာ ၄ရက်တွေ ပြင်သစ်နိုင်ငံ မြို့တော်ပါရီရှိ အီဖဲလ်မျှော်စင်တွင် အစိမ်းရောင်မီးများ ထွန်းညှိထားမည်ဟုလည်း သိရသည်။

# ကျိန်စာသင့်နေသည်ဟု ဆိုသည့် ကောလာဟလကို တောင်ကိုရီးယား သမ္မတ ငြင်းဆို



အစိုးရပိုင်း အဂတိလိုက်စားမှု သတင်းကြောင့် သမ္မတရာထူးအပေါ် ခြိမ်းခြောက်မှုများရှိလာနေစဉ် တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟီးကသူမသည် ဘာသာရေးကျိန်စာသင့်နေပြီဟု ပြောဆိုနေသည်မှာ လုံးဝမဟုတ်ကြောင်းကို လူသိရှင်ကြားငြင်းဆိုသွားသည်ဟု နိုဝင်ဘာ ၄ရက် ဘီဘီစီသတင်းမှာဖော်ပြသည်။


ကာလရှည် အရင်းနှီးဆုံး သူငယ်ချင်းဖြစ်သူအား ၎င်းနှင့်သင့်လျော်ခြင်းမရှိသည့်အစိုးရပေါ်လစီဆုံးဖြတ်သည့် နေရာတွင်ထားခဲ့မိသည့်အတွက် တောင်းပန်ကြောင်း ရုပ်မြင်သံကြားမှ ပြောကြားနေစဉ်မှာ ပတ်ဂွန်ဟီးက မျက်ရည်ကျခဲ့သည်။

လက်တလော ကိုရီးယားတွင် ဖြစ်နေသည့် အစိုးရ အဂတိမှုခင်းနှင့်ပတ်သက်ပြီး ခေါ်ယူမေးမြန်းခွင့်ကို သဘောတူသော်လည်း သမ္မတရာထူးမှ နုတ်ထွက်ခြင်းကိုမူ ငြင်းဆိုခဲ့သည်။ သမ္မတ၏ သူငယ်ချင်းဖြစ်သူ ချိုဆွန်ဆီးက ရင်းနှီးမှုကို အကြောင်းပြုပြီး သူမထိန်းချုပ်သည့် ပရဟိတအဖွဲ့ထဲသို့ ငွေကြေးလှူဒါန်းမှုများ ပြုလုပ်ခဲ့သည်ဟု သံသယရှိခံနေရသည်။

ယခုအခါ မစ္စချိုသည် အာဏာအလွဲသုံးစားလုပ်မှုနှင့်ငွေကြေးလိမ်လည်မှုများကြောင့် တရားစွဲခံရပြီး ထိန်းသိမ်းခံနေရသည်။ တောင်ကိုရီးယားအတိုက်အခံပါတီက သမ္မတ၏တောင်းပန်းမှုခြင်းသည် ကြောင်းကျိုးဆီလျော်မှုမရှိဘဲ ရာထူးမှ နုတ်ထွက်ပေးရန်ဆော်သြခဲ့သည်။ နိုဝင်ဘာ ၄ ရက်က မြို့တော် ဆိုးလ်မြို့တွင် မစ္စပတ်နုတ်ထွက်ပေးရန် ဆန္ဒပြ တောင်းဆိုသူများနှင့် ရဲများအကြားမှာ ရုန်းရင်းဆန်ခတ် ဖြစ်ခဲ့သေးသည်။

လူကြီးမင်းတို့ ကွန်ပျူတာပိုင်းဆိုင်ရာ အခက်အခဲတွေကို
အိမ်တိုင်ရာရောက်ဖြေရှင်းပေးပါရစေ...

GENUS
Computer Service and Networking
: 09 2200 784, 09 910 41259



# ဟီလာရီအတွက် မချောမွေ့သည့် အိမ်ဖြူတော် ခရီး

ဟီလာရီကလင်တန်က အမေရိကန်မြေမှာ သြဇာအညောင်းဆုံး အလုပ်ကို ရက်ပိုင်းအတွင်းမှာ လက်ဝယ် ပိုက်ကောင်း ပိုက်ပါလိမ့်မည်။ သို့သော်လည်း အောင်မြင်မှုသို့သွားရာ လမ်းသည် ညင်ညာချောမွေ့မှုရှိမည် မဟုတ်ပေ။

ယခုရက်ပိုင်းမှာ သူမက ကျယ်ပြန့်လှသည့် အမေရိကားမြေပြင်မှာ ခရီးတွေ မပြတ်ထွက်နေရသည်။ ဟီလာရီကလင်တန်စီးနင်းလိုက်ပါသည့် လေယာဉ်ပေါ်မှာလိုက်ပါရင်း လေယာဉ်ပြတင်းပေါက်ကနေမြင်ရသည့် မြင်ကွင်းကို အကဲခတ်မိသည်။

ဖလော်ရေဒါ ကျေးလက်ဒေသ မဲဆွဲပွဲအတွက် လေယာဉ်ပေါ်အဆင်းမှာ ဒေါ်နယ်ထရန့်ကို ထောက်ခံသူများက အကျဉ်းထောင်ဝတ်စုံများကို ဝတ်ဆင်လျက် ကွန်ဖယ်ဒီရက်အလံများကို ဝှေ့ရမ်းပြီး သူမကို ပျက်ရယ်ပြုနေကြသည်။ လက်စ်ဗီဂတ်စ်မြို့ကို ကားမောင်းဖြတ်သန်းသွားတုန်းကလည်း အဓိကပြိုင်ဘက် ထရန့်နာမည်ကို ရွှေအိုရောင်ဖြင့် ပုံဖော်ထားသည့် မိုးမျှော်အဆောက်အအုံတစ်ခုကိုလည်း မြင်တွေ့ခဲ့ရသည်။

ဖလောဒါဒေးလ်ဒေသရဲ့ ကွင်းပြင်တစ်ခုမှာ ပြုလုပ်တဲ့ မဲဆွယ်ပွဲမှာလည်း ထရန့်ကို ထောက်ခံသည့် ပရိသတ်တစ်ဦးက "ဘီကလင်တန်က မုဒိမ်းကောင်"ဆိုသည့် စာသားပါ ဆိုင်းဘုတ်တစ်ခုကို ကိုင်မြှောက်ရင်း ပြေးဝင်လာခဲ့ပြန်သည်။ ဆိုရရင် သူမ၏ အိမ်ဖြူတော် သွားရာလမ်းသည် ဒေါသ၊ အမုန်းတရား၊ မယုံကြည်မှုတို့နှင့် ပြည့်နှက်နေသည်ဟု ဆိုရပေမည်။

***(နယူးရောက် ရွေးကောက်ပွဲ သတင်းထောက် နစ်ဘရန့်၏ နိုဝင်ဘာ၃ရက် ဘီဘီစီ သတင်းရေးချက်ကို ကောက်နုတ်သည်)***

Shwe Mandalay CARTOON
qiwi(peye;)




MEGA
We care
★ R ZAR NI ★
@ NATIONAL THEATRE
MANDALAY
MANAGE BY
LIVOLIN
The 3-in-1 Liver Protector Forte
★ ★ ★
18.11.2016
FRIDAY - 7 PM
★ ★ ★
BAND
THE TREES
★ ★ ★ TICKET ★ ★ ★
VIP . 70000 . 50000.
40000. 30000. 10000
★ TICKETS AVAILABLE ★
365 ENTERTAINMENT .
မန်းသီရိ တေးသံသွင်း.
BKK SILK & LACE ( ၃၂ လမ်း , ၇၇ - ၇၈ ကြား )
TICKET HOTLINE NO : ( 365 ENTERTAINMENT ) 09 975768000 (မန်းသီရိ တေးသံသွင်း) 02 - 36103 . 09 977952409
( BKK SILK & LACE ) 09 258560008
" SUPPORT YOUR LIVER , SUPPORT R ZAR NI "